# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မှုန်းလပြည့် ၊ တနင်္လာနေ့ ၊ (7-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

စာမျက်နှာ - ၁၉

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံးပွဲတော်တစ်ခုဖြစ်သည့် ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်




**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ သျှရီမဟာလက်ချ်မီးမယ်တော်ကြီးဘုရားကျောင်း၌ ကျင်းပပြုလုပ်သည့် ဟိန္ဒူရိုးရာပွဲတော်များတွင် အထွတ်မြတ်ဆုံးပွဲတော်တစ်ခုဖြစ်သော ဒီပါဝလီမီးထွန်းပွဲတော်သို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် **Jeng Phang** နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Vinay Kumar နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Listopadov Nikolai Alexandrovich နှင့် ဟိန္ဒူရိုးရာဒီပါဝလီပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြစဉ်။**




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လတွင် အဋ္ဌမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလတွင် ရာသီမှာ ဗြိစ္ဆာ၊ နက္ခတ်မှာ ကြတ္တိကာနက္ခတ်၊ ရာသီရုပ်မှာ ကင်းမြီးကောက်၊ ရာသီပန်းမှာ ခဝဲပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ကထိန်ပွဲဖြစ်သည်။

တန်ဆောင်မုန်းလတွင် ကထိန်ခင်းခြင်း၊ မသိုးသင်္ကန်းရက်လုပ်၍ မြတ်စွာဘုရားရှင်အားရည်မှန်းကာ ဆက်ကပ်လှူဒါန်းခြင်း၊ ကြာသင်္ကန်းကပ်လှူခြင်း၊ ပုံသက္ကူပစ်ခြင်း၊ ကျီးမနိုးပွဲပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ နက္ခတ်စုံသော တန်ဆောင်မုန်းလပြည့်ညကို ဆေးပေါင်းခသည့်ညဟုလည်း ယုံကြည်ကြသည်။

မြတ်စွာဘုရားရှင်သည် သာမညဖလသုတ္တန်ဒေသနာတော်ကို တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးအား ဟောတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ခေါ်ဆိုကြသည်။ သာမညဖလသည် ရဟန်းသာမဏေပြုရခြင်း၏ အကျိုးဟု အဓိပ္ပာယ်ရသည်။

ဘုရားရှင် လက်ထက်တော်အခါက အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မှားပြီး ဖခင်ကိုသတ်၍ မင်းဖြစ်လာခဲ့သည်။ သို့သော် ဖခင် ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့်အပြစ်ကို တွေးတောပူပန်ပြီး နေ့စဉ်ညတိုင်း စားမဝင်၊ အိပ်မပျော်သည့် ရောဂါဝေဒနာကို ခံစားနေရသည်။ ထိုဝေဒနာပျောက်ကင်းအောင် မည်သည့်ဆေးနှင့်မျှ ကုစား၍မရဖြစ်နေသည်။ ထိုအခါ ဝေဒနာကုစားရန်အတွက် အမတ်ကြီးများ အကြံပေးချက်အရ ဒိဋ္ဌိခြောက်ဦးထံ ရောက်သွားသည်။ သို့ရာတွင် ဒိဋ္ဌိခြောက်ဦးသည် အဇာတသတ်မင်း၏ ရောဂါဝေဒနာပျောက်ကင်းရန် နည်းပေးလမ်းပြမှုမပေးနိုင်ခဲ့ပေ။ ထို့ကြောင့် သမားတော်ကြီး ဇီဝက၏ အကြံပြုချက်အရ မြတ်စွာဘုရားထံ လျှောက်ထားရာ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားက သာမညဖလသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူသောအခါမှ အဇာတသတ်မင်းခံစားနေရသော ရောဂါဝေဒနာများ ပျောက်သွားပြီး မြတ်စွာဘုရားအား ကြည်ညိုသော၊ ဗုဒ္ဓသာသနာတော်ကို ယုံကြည်သော၊ ရတနာသုံးပါးကို ဆည်းကပ်ပူဇော်သော မင်းတစ်ပါးဖြစ်လာသည်။

အဇာတသတ်မင်းသည် လောကတွင် ဆရာမှား၊ မိတ်ဆွေမှားကို ကိုးကွယ်ဆည်းကပ်မိပြီး လက်ရှိနှင့် နောက်ဘဝထိ အကျိုးယုတ်ရပေသည်။ တစ်ဖန် သမားတော်ဇီဝကတည်းဟူသော မိတ်ဆွေကောင်း၏ လမ်းပြမှုကြောင့် ဘုရားရှင်ကို ဖူးမြင်ရပြီး မိမိအမှားကို သင်ခန်းစာယူ၍ အမှန်တရားကို ရဲရဲဝံ့ဝံ့လုပ်ခဲ့သဖြင့် လက်ရှိဘဝနှင့် နောင်သံသရာအထိ ကောင်းမှုချမ်းသာရရှိပြီး နိဗ္ဗာန်ချမ်းသာရရှိနိုင်သည်အထိ ကောင်းကျိုးအဖုံဖုံရရှိပုံမှာ ဆင်ခြင်ဖွယ်ကောင်းလှသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့တွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော သာမညဖလသုတ္တန်ဒေသနာတော်ကို နာကြားခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လောကီ၊လောကုတ္တရာနှစ်ဖြာ ကောင်းကျိုးသုခအဖြာဖြာရရှိကြပြီး ကုသိုလ်ကောင်းမှုအကျိုးတရားများ တိုးပွားချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၈၂၂၇၂ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် ဘုရားဖူးတွေဟာ စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေတိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်" ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၁၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၇၈၅၇၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၆၂၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသမှထွက်သည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရ

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသမှထွက်ရှိသည့် ဂေါ်ဖီထုပ်များ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးရှိ ကုန်စိမ်းပွဲရုံများမှ သိရသည်။

ယခုအခါ သီရိမာလာကုန်စိမ်းဈေးသို့ ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသမှ ထွက်ရှိသည့် ဂေါ်ဖီထုပ်များ တစ်ရက်လျှင် ခြောက်ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ကုန်လက်ကျန်မရှိသလောက်အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိအချိန်တွင် ဂေါ်ဖီထုပ်ဈေးနှုန်းမှာ အကြီးအသေးပေါ်မူတည်၍ တစ်ထုပ်လျှင် ငွေကျပ် ၈၀၀ မှ ၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

"လက်ရှိမှာတော့ ဂေါ်ဖီထုပ် အဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထုပ်ထွက်တာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတာကြောင့် ဈေးနှုန်းတွေက တက်သွားတာပါ။ ဈေးကတော့ ကောင်းပါတယ်။ အရောင်းအဝယ်ပိုင်းမှာလဲ ရောင်းကောင်းပါတယ်။ လက်ရှိမှာ သီရိမာလာကုန်စိမ်းဈေးကို ဂေါ်ဖီထုပ်ကားတွေ အနေနဲ့ အောင်ပန်းနဲ့ ပြင်ဦးလွင်ဘက်ကနေ တစ်ရက်ကို ခြောက်ဘီးကား၊ ၁၂ ဘီးကားတွေနဲ့ ပုံမှန်ဝင်ပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိနေသည့်အပြင် အခြား ကုန်စိမ်းသီးနှံများဖြစ်သည့် အာလူးသီး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ရေတ်သီး၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ပန်းမုန်လာများလည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# ပြည်တွင်းရွှေဈေးကွက်တွင် အရောင်းအဝယ်အေးနေ

**မန္တလေး နိုဝင်ဘာ ၆**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်တွင် ဈေးနှုန်းများ အနည်းငယ် ကျဆင်းလာသော်လည်း အရောင်းအဝယ်အေးနေကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၄၃ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၆၈၁ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၁၆ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ဒေါ်လာ ၁၆၈၀ ဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်မှာ အလှုပ်အခတ်တွေ အလွန်နည်းခဲ့ပေမဲ့ ပြည်တွင်းရွှေဈေးက ၁၆ ပဲရည် တစ်ကျပ်သားကို ငွေကျပ် ၂၅ သိန်းပတ်လည်မှာပဲ ရှိနေသေးတယ်။ တန်ဆောင်တိုင် ကာလဆိုတော့ အရောင်းအဝယ် နည်းနည်းတော့ ပြန်အေးသွားတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

အောက်တိုဘာ ၃၀ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၃ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၃၅၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၄၀၀ ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၈၁ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန် ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၄၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၈၂ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၂၄၀၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၄၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းပွမှုကြော်ငြာ-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့၌ RBF စီမံကိန်းဆိုင်ရာ(ဆင့်ပွား)သင်တန်းဖွင့်လှစ်

**တောင်ကြီး နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဆိုင်ရာ (ဆင့်ပွား) သင်တန်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်းက ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများအနေဖြင့် ပို့ချပေးသော RBF စီမံကိန်းဆိုင်ရာ သင်ခန်းစာများကို သေချာစွာလေ့လာသင်ယူပြီး မိမိတို့၏မြို့နယ်၊ ကျေးရွာများတွင် အကျိုးရှိအောင် ပြန်လည်အသုံးချဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ၊သင်ထောက်ကူစာအုပ်များကို ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

သင်တန်းသို့ ရှမ်းပြည်နယ် (တောင်ပိုင်း) ခရိုင်၊ မြို့နယ်များရှိ ခရိုင်ဦးစီးမှူးများ၊ ဒေသဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် အရာထမ်းဝန်ထမ်း စုစုပေါင်း ဝန်ထမ်း ၈၆ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဆိုင်ရာ အကြောင်းအရာများကို တစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်ငါးမြို့နယ်ရှိ ကျေးရွာငါးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းထံမှ သိရသည်။ **မောင်ရိုင်**

# မကွေးမြို့နယ် ကိုးပင်ကွေ့ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၆**

မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ကိုးပင်ကွေ့ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် အင်ဂျင်နီယာများက ကိုးပင်ကွေ့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းကြရန် မှာကြားသည်။

မကွေးမြို့နယ် ကိုးပင်ကွေ့ကျေးရွာ လမ်းအရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို VDP ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၈ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောပြ၍ သိရသည်။

**အထွေး**

# တန်ဆောင်တိုင်အားလပ်ရက်များအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းခြေများရှိ ဟိုတယ်များတွင် အခန်းကြိုတင်မှာယူမှုများပြားနေ



**ပုသိမ် နိုဝင်ဘာ ၆**

တန်ဆောင်တိုင်အားလပ်ရက်ကာလများအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ချောင်းသာ၊ ငွေဆောင်နှင့် ရွှေသောင်ယံ ကမ်းခြေတို့ရှိ ဟိုတယ်များတွင် အခန်းကြိုတင်မှာယူမှုများပြားနေကြောင်း ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ၊ ရွှေသောင်ယံနှင့် ငွေဆောင်ကမ်းခြေခရီးသွားလုပ်ငန်းအဖွဲ့အတွင်းရေးမှူး ဦးဇေယျာလှိုင်ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ၊ ငွေဆောင်နှင့် ရွှေသောင်ယံစသည့် ကမ်းခြေများတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာအားလုံး၏ ၇၅ ရာခိုင်နှုန်းထိ အခန်းကြိုတင်မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

"ကမ်းခြေတွေကို ဒီနှစ်မှာ မနှစ်ကထက် ပုံမှန်ရက်တွေမှာလဲ ခရီးသွားဧည့်သည်တွေများနေတယ်။ သီတင်းကျွတ်ရက်ကလဲ ပြည်တွင်းခရီးသွားတွေ တအားများတယ်။ အခုလဲ တန်ဆောင်တိုင်ကာလအတွက် ဟိုတယ်အခန်းကြိုတင်မှာယူတာတွေ များနေတယ်။ ကမ်းခြေတွေကိုလဲ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ပြင်ဆင်ဖွင့်ထားတာပါ"ဟု ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ၊ ရွှေသောင်ယံနှင့် ငွေဆောင်ကမ်းခြေ ခရီးသွားလုပ်ငန်းအဖွဲ့အတွင်းရေးမှူး ဦးဇေယျာလှိုင်က ပြောပြသည်။

အဆိုပါကမ်းခြေများကို လာသည့် ခရီးသွားဧည့်သည်များ လုံခြုံစေရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကမ်းခြေစောင့်ရဲတပ်ဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်ဝန်ထမ်းများ၊ ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ခရီးသွားလုပ်ငန်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အဆိုပါ ငွေဆောင်ကမ်းခြေ၊ ရွှေသောင်ယံကမ်းခြေ၊ ချောင်းသာကမ်းခြေခရီးစဉ်များနှင့် ဆက်စပ်ပြီး ခရီးသွားလည်ပတ်နိုင်ရန်အတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာနများ၊ ဆင်စခန်းများ၊ မြွေကျွန်း၊ သမီးလှကျွန်း၊ လိပ်ကျွန်း စသည့်စိတ်ဝင်စားစရာနေရာများကိုလည်း စီစဉ်ထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းခြေများတွင် လုပ်ငန်းလိုင်စင်ထုတ်ပေးထားသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာ အလုံးရေ ၁၂၀ ရှိပြီး ပုသိမ်မြို့နှင့် အခြားဒေသများတွင် ၄၆ လုံး၊ ငွေဆောင်ကမ်းခြေတွင် ၃၅ လုံး၊ ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေတွင် ၃၉ လုံးရှိကြောင်း၊ အဆိုပါကမ်းခြေများတွင် လက်ဆောင်ပစ္စည်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပေးနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကျောက်ကြီးမြို့နယ် ဖန်ခါးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ကြီး နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖန်ခါးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ယနေ့နံနက်ပိုင်းက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချေးငွေများထုတ်ချေးပေးရာတွင် ချေးငွေရယူသည့် အသင်းသား၊ အသင်းသူများ လက်ဝယ်သို့ မှန်မှန်ကန်ကန်ရောက်နိုင်ရေးအတွက် ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းရီနှင့် တာဝန်ခံဝန်ထမ်းများက Online စနစ် Video Call ဖြင့် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ စီမံကိန်းချေးငွေများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များက ဦးဆောင်၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးအတွက် ချေးငွေကျပ် ၂၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ အတွက် ချေးငွေကျပ် ၉ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းကိုင်သူ ၂၈ ဦးအတွက် ချေးငွေကျပ် ၁၂ ဒသမ ၆ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးအတွက် ချေးငွေကျပ် နှစ်သန်း စုစုပေါင်း အသင်းသားဦးရေ ၁၁၀ အား ၅၁ ဒသမ ၅ သန်းကို နေ့ချင်းပြီး ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# လားရှိုးခရိုင်တွင် လာမည့်နွေစပါးရာသီ၌ စပါး ၁၄၄၇ ဧက စိုက်ပျိုးသွားမည်

**လားရှိုး နိုဝင်ဘာ ၆**

လားရှိုးခရိုင်တွင် လာမည့် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၄၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

လားရှိုးခရိုင်အတွင်းရှိ လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့တွင် လာမည့်နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၄၄၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ လက်ရှိတွင် နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ စုဆောင်းလျက်ရှိကြောင်း သိရသည်။

"နွေစပါးစိုက်တောင်သူတွေအတွက် မျိုးစပါးတွေ၊ သွင်းအားစုတွေ အချိန်မီရရှိစေဖို့အတွက် သက်ဆိုင်ရာမြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာပါ။ လယ်ယာသုံးစက်ကိရိယာတွေ အချိန်မီရရှိစေဖို့အတွက်လဲ မြို့နယ်အလိုက် စက်မှုလယ်ယာဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နွေစပါးအတွက် စိုက်ပျိုးရေလုံလုံလောက်လောက်ရရှိစေဖို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေနဲ့ ဆက်သွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထွက်နှုန်းနဲ့ မျိုးကောင်းမျိုးသန့်တွေရွေးချယ်စိုက်ပျိုးတတ်စေဖို့အတွက် စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေကိုလဲ မြို့နယ်အလိုက် ဖွင့်လှစ်ပို့ချပေးသွားမှာပါ"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင်တွင် မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးရန် လျာထားဧကများမှာ လားရှိုးမြို့နယ်တွင် ၁၈ ဧက၊ သိန္နီမြို့နယ်တွင် ၁၃၄၁ ဧက၊ မိုင်းရယ်မြို့နယ်တွင် ၈၈ ဧက တို့ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လားရှိုးခရိုင်တွင် ပြီးခဲ့သည့်မိုးရာသီကာလက မိုးစပါး မြို့နယ်အလိုက်စိုက်ပျိုးနိုင်မှုမှာ လားရှိုးမြို့နယ်တွင် ၃၆၇၀၆ ဧက၊ သိန္နီမြို့နယ်တွင် ၁၆၄၂၆ ဧက၊ တန့်ယန်းမြို့နယ်တွင် ၄၁၅၆၅ ဧက၊ ကွမ်းလုံမြို့နယ်တွင် ၁၁၇၁၈ ဧကဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းထံမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# အောင်မြင်စေရ နိယာမ

ချစ်နိုင်( စိတ်ပညာ )

ဘဝမှာ ပြဿနာအခက်အခဲဆိုတာက ရှောင်လွှဲလို့ရချင်မှရတယ်။ ရှောင်လို့မရတဲ့အခါ တည့်တည့်တိုးပြီပေါ့။ ကိုယ်က စာမေးပွဲမေးခွန်းတွေကို အောင်မှတ်ရအောင်မဖြေနိုင်သလို စာမေးပွဲကျတာမျိုးလည်း ကြုံတတ်တာပဲ။

ကိုယ်မသိ နားမလည်ခဲ့မိလို့။

ကိုယ်အမှားလုပ်မိခဲ့လို့။

အဆင်မပြေ၊ မအောင်မြင်၊ အခက်အခဲအကျပ်အတည်းတွေ့ရတယ်၊ ကျရှုံးတယ်ဆိုရင် သူ့သူ့ကိုယ်ကိုယ် စိတ်ဓာတ်ကျချင်စရာပဲ။ လဲကျရင် ကိုယ့်ကိုယ်ကိုယ်ပဲ ဆွဲထူမရမှာပဲ။ ခရီးဆက်ရဦးမယ်။ နောင့်နှေးကြန့်ကြာမနေရအောင် အပြေးထွက်ရပြန်တယ်။

ရွေးချယ်မှု၊ ဆုံးဖြတ်မှု မှားတာရှိမယ်။ မှန်တာရှိမယ်။ ဘယ်သူမှတော့ အမြဲတစေ ၁၀၀ ရာခိုင်နှုန်းမှန်ကန်မနေပါဘူး။ ခြောက်ဘာသာစာမေးပွဲမှာ အမှတ် ၆၀၀ ပေးထားတာ နှစ်ပေါင်းတွေကြာခဲ့ပေါ့။ ဖြေတဲ့ကျောင်းသားတွေ သောင်း၊ သိန်း၊ သန်းရှိခဲ့လေပြီ။ အမှတ် ၆၀၀ ရတဲ့ ဆယ်တန်းအောင်သူ ကျောင်းသား၊ ကျောင်းသူ မရှိခဲ့ဖူးပါ။

မှားတာမဆန်းပါ။

နည်းနည်းမှားရင် တော်လှပြီ။

အများကြီးမှားရင် ကျမှာပဲ။ ဘဝစာမေးပွဲ။

မှားရင်စိတ်ဓာတ်မကျနဲ့။ အမှားသိအောင်ရှာ၊ အမှန်ကို အမြန်ပြင်။ မှန်တာတွေ့ရင် ဆက်လုပ်။

အရှုံးနဲ့ကြုံတွေ့ရတတ်တယ်။ တွေ့လေ၊ အကျအလဲ၊ အကွဲ၊ လောကဓံနဲ့ လက်ဝှေ့ထိုးပွဲ။ ဒဏ်ရာအနာတရရှိပေမှာပဲ။ ဖွဲ့လိုတယ်။ ခံနိုင်ရည်ရှိပါစေ။ အားတင်းရမယ်။ ပန်းတိုင်ကို အာရုံစိုက်ပါ။ (ရွှေဈေး၊ ဒေါ်လာဈေး၊ စက်သုံးဆီဈေး၊ စားအုန်းဆီဈေး ဒီလောက်ခေါင်ခိုက်အောင်ဈေးတက်နေချိန်မှာ စိတ်ဓာတ်မြှင့်တင်ရေးကို လာပြောနေတဲ့သူကတော့ ပကတိအခြေအနေမသိရှာလို့ပဲဆိုတဲ့ ကာတွန်းရေးကွက်အချို့ကို သတင်းစာနဲ့ Online Media စာမျက်နှာမှာ တွေ့ရပါတယ်။ စိတ်ပျက်စရာကြုံတိုင်း စိတ်ဓာတ်ကျနေမယ်ဆိုရင် လူသားဟာ အခြားသတ္တဝါတွေထက် ကျော်လွန်ပြီး ဒီကမ္ဘာကို မစိုးမိုးနိုင်ပါဘူး။ သူ့ရဲ့ထူးခြားချက်တစ်ခုက အခက်အခဲအမျိုးမျိုးကြားက ထွက်ပေါက်တွေ့အောင်ရှာဖွေပြီး အတားအဆီးကို ကျော်လွှန်အောင် ဖန်တီးနိုင်စွမ်းရှိတဲ့ သဘောထားအမြင်(Attitude)ကြောင့်ဖြစ်ပါတယ်။ ပါရမီစွမ်းရည်၊ ဉာဏ်စွမ်း(Aptitude) သက်သက်ကြောင့်မဟုတ်ပါ။ အပျက် သဘောအမြင်ရှိရင် မတိုးတက်ပါ။ တိုးတက်ချင်ရင် အပြုသဘောအမြင်ရှိရပါတယ်။)

လောကဓံမျက်လှည့်က လှည့်စားတတ်တယ်။

အမှောင်ထုထဲမှာ ဘယ်ဝယ်ဘယ်ဆီမှန်းဆလို့မရအောင် လမ်းပျောက်သူတွေရှိတတ်တယ်။ တံတားပေါ်က ခုန်ချ၊ ကိုယ်ကိုယ်တိုင် အဆိပ်သောက်၊ အိပ်ဆေးအလွန်အကျွံသောက်။ ငယ်ငယ်ရွယ်ရွယ်အသက် ၃၀ ကျော်အရွယ်ကောင်းတွေ။

မြင်အောင်ကြည့်ပါ။ သိအောင်ပြောမယ်။

ဒီကမ္ဘာကော၊ ဂြိုဟ်နက္ခတ်တာရာတွေကော၊ မိမိရဲ့ ခန္ဓာအိမ်အစိတ်အပိုင်းတွေကော အချိန်ကာလနဲ့နေရာ၊ တည်နေရာရွေ့လျားလည်ပတ်မှုဟာ စက်သဘောဖြစ်ကြတယ်။ ယန္တရားသဘောရွေ့လျားလည်ပတ်နေကြတယ်ဆိုတာ သဘောပေါက်အောင် လေ့လာလိုက်ပါ။

လူ့ခန္ဓာကိုယ်ထဲက ဦးနှောက်၊ ဝမ်းဗိုက်ထဲက အဆုတ်၊ နှလုံး၊ အစာအိမ်၊ အူမ၊ အူသိမ် အရာရာဟာ သူ့အလုပ်သူလုပ်နေကြတဲ့ ခွေးသွားစိပ်ယန္တရားအစိတ်အပိုင်းတွေပဲ။ နေစကြဝဠာထဲက အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်နဲ့ ကမ္ဘာအပါအဝင် ဂြိုဟ်ကြီး ကိုးလုံးက စက်ယန္တရားလိုပဲ ပုံမှန်လည်ပတ်ရွေ့လျားနေကြတာ နှစ်ပေါင်းသိန်းသန်းကုဋေတောင်ကြာမြင့်ခဲ့ပြီ။

ရေးဒါလီယိုဟာ စာတွေ့လေ့လာသုတေသနတွေလုပ်တယ်။ ကိုယ်တိုင်လည်း သမထ၊ ဝိပဿနာ၊ တရားရှုမှတ်တာ နေ့စဉ်မပြတ် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ လောကကို မြင်ကွင်းကျယ် ဆင်ခြင်သုံးသပ်ပြတယ်။ (အကျယ်ကို သူ့စာအုပ်ထဲမှာ ဖတ်ရှုနိုင်ပါတယ်။) သူဖော်ထုတ်တဲ့ အခြေခံသဘောတရားဆိုတာ ဘာသာရေးအဆုံးအမတွေကို မဆန့်ကျင်ပါဘူး။ ဖြစ်ခြင်း၊ ရွေ့လျောခြင်း၊ ပျက်ခြင်း၊ ဥပါဒ်၊ ဌီတိ၊ ဘင်။ အနိစ္စသဘောပဲလေ။

သမိုင်းစဉ်မှာလည်း အတက်ရယ်၊ အကျရယ်၊ လှိုင်းသဘောတွေရယ်၊ တစ်ပတ်ပြန်ကျော့တဲ့အဆင်တူ (Same Pattern) ဖြစ်ရပ်တွေရယ် နာရီစက်သဘောလည်ပတ်တာမျိုးရှိတတ်တယ်။

ကာလအပိုင်းအခြား နရီစည်းချက်အတိုင်းဖြစ်ပျက်နေတဲ့ သမိုင်းလမ်းကြောင်းကို သူက သရုပ်ဖော်ပုံနဲ့ ဆွဲပြပါသေးတယ်။ အံ့ဩစရာ တိုက်ဆိုင်ချက်တစ်ခုတွေ့ရ။

စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်လာတာလေး တင်ပြပါရစေ။

စက်မှုတော်လှန်ရေးကြောင့် ကမ္ဘာ့ကုန်သွယ်ရေးပါ နယ်ချဲ့နိုင်လာတဲ့ ဥရောပမှ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ စပိန်၊ ဗြိတိန်တို့ဟာ ၁၉ ရာစုခေတ်ဟောင်းစိုက်ပျိုးရေးဘဝမှာ အိပ်ပျော်နေတဲ့ အရှေ့တောင်အာရှ သားကောင်နိုင်ငံတွေကို ဥရောပနယ်ချဲ့နိုင်ငံတွေက ဝံပုလွေအုပ်စု၊ တောခွေးရိုင်းအုပ်စုတွေလို လုယက်သိမ်းပိုက်ဝါးမျိုကြပါတယ်။

ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီက မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်-မြန်မာပထမစစ်နဲ့ကျူးကျော်တိုက်ခိုက်ပြီး ရခိုင်၊ တနင်္သာရီ၊ အာသံ၊ မဏိပူရကို ယူလိုက်တယ်။ ၁၈၅၂ ခုနှစ်မှာ ဒုတိယစစ်နဲ့ အောက်ပိုင်းမြန်မာပြည် ပင်လယ်ထွက်ပေါက် ထပ်သိမ်းပြန်ပါတယ်။ ၁၈၈၅ ခုနှစ်မှာ တတိယစစ်ဆင်နွှဲပြီး(ညောင်ရမ်းမင်းသား(ကွယ်လွန်ပြီး)ကို နန်းတင်ပေးသယောင်၊ မောင်ဘသန်းဆိုတဲ့ လူအတုတင်လာပြီး မင်းပြောင်းမင်းလွှဲပဲ ကူညီပေးလေဟန် မြန်မာပြည်သူများကို လိမ်ညာလှည့်ဖြားပြီး) ရတနာပုံမန္တလေးမင်းနေပြည်ကို အလွယ်တကူသိမ်းယူလိုက်တယ်။

၁။ ၁၈၂၄ ခုနှစ်မှ ၁၈၈၆ ခုနှစ်ထိ အင်္ဂလိပ်ဝံပုလွေက မြန်မာသားကောင်ကို **၆၂ နှစ်လုံးလုံး အမဲလိုက်ကိုက်ခဲ တိုက်ခိုက်ဝါးမျိုခြင်း**ကို မြင်ရမယ်။

၂။ ၁၈၈၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ ကမ္ဘာမြေပေါ်မှာ မြန်မာနိုင်ငံဆိုတာ ပျောက်ဆုံးပျက်သုဉ်းသွားအောင် **၆၂ နှစ်လုံးလုံး ဖိနှိပ်အုပ်ချုပ်ကုပ်သွေးစုပ်ခဲ့ခြင်း။**

၃။ ၁၉၄၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ ဗြိတိသျှအစိုးရဟာ မြန်မာနိုင်ငံကို သူ့လက်အောက်ခံငယ်နိုင်အဖြစ် အစဉ်တစိုက်အငြိုးကြီးစွာဖျက်ဆီးနှောင့်ယှက်ခဲ့ပြီး စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး အားနည်းချုတ်ယွင်းအောင် အနုနည်း၊ အကြမ်းနည်းတွေနဲ့ ဒုက္ခပေးခဲ့တယ်။ **၆၂ နှစ်လုံးလုံး ရန်သူသဖွယ် နည်းမျိုးစုံ ပိတ်ဆို့တားဆီး**နေခဲ့တာ အားလုံးသိကြပြီးသားပါပဲ။ ခြယ်လှယ်တာ။

သမိုင်းဇာတ်ခုံမှာ ၆၂ နှစ် အမဲလိုက်လုယက်။ ၆၂ နှစ် ကိုက်ခဲဝါးမျိုစားသောက်။ ၆၂ နှစ်ဆက်လက်နှောင့်ယှက်ရန်လုပ်။ သမိုင်းကို ဖုံးကွယ်ထားလိုက်ရင် လူတွေဟာ အ ကုန်တော့တာပေါ့။ ပြင်သစ်လက်အောက်က လွတ်မြောက်တဲ့ ဗီယက်နမ်၊ အမေရိကန်ရဲ့ ကျူးကျော်နှိပ်စက်မှုတွေကို အနှစ်နှစ်အလလခံခဲ့ရပေမယ့် ဗီယက်နမ်က နာလန်ထူနေပြီ။ ဒတ်ချ်လက်အောက်ကျရောက်ခဲ့ရတဲ့ အင်ဒိုနီးရှား၊ အခုအခါ ကမ္ဘာ့အင်အားကြီးစီးပွားရေး၊ စစ်ရေး၊ အင်အားကောင်းတဲ့နိုင်ငံဖြစ်နေပြီ။ အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား။ ၇၅ နှစ်ကာလကြာတဲ့အခါ လူတစ်လုံးသူတစ်လုံး ခေါင်းမော့ရင်ကော့နိုင်နေကြပါပြီ။ ရန်သူလား၊ မိတ်ဆွေလားတောင် မခွဲခြားတတ်အောင် အူတူတူအတတတွေဖြစ်နေခဲ့ရင် ဒါဟာ သမိုင်းကို သင်ခန်းစာမယူခဲ့မိလို့ပါပဲ။ ဘယ်သူ ဘယ်ဝါကိုမှ မမုန်းပါ။ ရန်သူလို့မယူဆပါ။ သမိုင်းကိုသိမှ အနာဂတ်ကို ကောင်းအောင်ဖန်တီးနိုင်ကြောင်း စာဖတ်သူအပေါင်း သိမြင်စေချင်ပါတယ်။

စက်သဘော၊ နရီစည်းချက်သဘော၊ ယန္တရားသဘော ဖြစ်ခြင်း၊ ရွေ့ခြင်း၊ ပြောင်းလဲခြင်းတို့လည်ပတ်နေတာကို ရပ်တန့်အောင် လူက မတားနိုင်သော်လည်း အကျိုးရှိအောင်တော့ အသုံးချနိုင်ပါတယ်။ သိရင်သုံးနိုင်ရမယ်။ နည်းပညာခေတ်၊ အဆင့်မြင့်နည်းပညာခေတ်။

ရွေ့လျားနေကြတဲ့အရာနှစ်ခုဟာ သီးခြားစီ။

**စွန့်စားရမှု** (Risk)

**ဆုလာဘ်** (Reward)

ဒီနှစ်ခုက တသီးတခြားစီ လည်ပတ်နေတာကို တွေ့ကြရမယ်။ ဒါကို ရွေ့လျားမှုနရီချိန်ကိုက် ကိုင်တွယ်တွဲစပ်ဆက်သွယ်တတ်သူဟာ သမိုင်းမှာ အောင်မြင်ခဲ့ကြတယ်။

မဖြစ်နိုင်ဘူးဆိုတာကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ကြတယ်။ အကျပ်အတည်းမျိုးစုံ၊ ကြီးမားဟန့်တားပိတ်ဆို့ထားတဲ့ အခက်အခဲအထွေထွေ။ ဒါတွေကိုကျော်လွှန်ပြီး ဝါရှင်တန်၊ လင်ကွန်း၊ လီနင်၊ မော်စီတုံး၊ ကတ်စထရို၊ ဟိုချီမင်း၊ လီကွမ်းယု။ ဥပမာပြစရာ သမိုင်းသာဓကတွေအများကြီးရှိခဲ့ပေတာပဲ။ ဒါတွေကို လေ့လာသိမြင်သဘောပေါက်ရင် အချိန်ကိုက်စွန့်စားမှုကို အမှန်ကန်ဆုံးရွေးချယ်ဆုံးဖြတ်တတ်မှာပဲ။

စွန့်စားမှုနဲ့ ဆုလာဘ်ကို သမိုင်းမသိ၊ ပထဝီနိုင်ငံရေးကိုမမြင်၊ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေကို နားမလည်၊ မိမိတို့ရဲ့ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားရကောင်းမှန်းသဘောမပေါက်၊ ရောက်ချင်ရာရောက်၊ ဖြစ်ချင်ရာဖြစ်၊ လုပ်ချင်ရာလုပ်၊ ငွေကြေးပေးပြီး စေခိုင်းရင် ဘာပဲလုပ်ရလုပ်ရ၊ မိုက်မဲရက်စက်၊ ဖျက်ဆီးဖြိုလှဲမှာပဲဆိုတဲ့သူတွေအတွက် သမိုင်းစာမျက်နှာမှာ ရှက်စရာဖြစ်စေပါလိမ့်မယ်။

**အပြုဘက်**က အားသာဖို့၊

**အပျက်ဘက်**က အားပျော့ပျက်ပြယ်ဖို့၊

အောင်မြင်မှုအတွက် အတားအဆီး နှစ်မျိုးရှိစမြဲထုံးစံပဲ။

၁။ **မိမိတို့ရဲ့ အတ္တ** (Our Ego)

၂။ **ကန်းစေတဲ့အတားအဆို့များ**(Blind Sport Barriers)

**အတ္တဆိုတာ ငါစွဲလွန်ကဲတာ။** မိမိကိုယ်ကို သတိထားပြီး ဒီအမှားကင်းစင်အောင်ကြိုးစားရပါမယ်။ ဗုဒ္ဓဘာသာဝင်တွေမှာ အနတ္တသဘောဆင်ခြင်တတ်ပါတယ်။ ငါမရှိ။ ငါမဟုတ်။ ငါမပိုင်။ ငါဟာမမြဲ။ စွဲလမ်းသိမ်းပိုက်နေသမျှဆင်းရဲဖို့သာပဲ။ ငါစွဲကြောင့် လောဘ၊ မာန၊ မိုက်မဲမှားယွင်းခဲ့ကြတာ။

ကန်းစေတဲ့ အတားအဆီးအပိတ်အဆို့တွေကတော့ **နီဝရဏတရား ငါးပါးပါ။** လောဘ၊ ဒေါသ၊ မောဟ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ။ (မသိလျှင် ဆရာတော်၊ သံဃာတော်တွေထံ လျှောက်ထားမေးမြန်းပါ။)

မသိမှု၊ ကြောက်ရွံ့မှုတွေကို သတိရှိမှု၊ အမှန်သိမြင်မှုတွေနဲ့အတူ အောင်မြင်အောင်လုပ်ဆောင်ပြီးမြောက်ကြပါစေ။

❖ စွန့်စားရမှု(Risk)၊ ဆုလာဘ်(Reward) ဒီနှစ်ခုက တသီးတခြားစီ လည်ပတ်နေတာကိုတွေ့ကြရမယ်။ ဒါကို ရွေ့လျားမှုနရီချိန်ကိုက် ကိုင်တွယ်တွဲစပ်ဆက်သွယ်တတ်သူဟာ သမိုင်းမှာ အောင်မြင်ခဲ့ကြတယ်။ မဖြစ်နိုင်ဘူးဆိုတာကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ကြတယ်။ အကျပ်အတည်းမျိုးစုံ၊ ကြီးမားဟန့်တားပိတ်ဆို့ထားတဲ့ အခက်အခဲအထွေထွေ။ ဒါတွေကိုကျော်လွှန်ပြီး ဝါရှင်တန်၊ လင်ကွန်း၊ လီနင်၊ မော်စီတုံး၊ ကတ်စထရို၊ ဟိုချီမင်း၊ လီကွမ်းယု။ ဥပမာပြစရာ သမိုင်းသာဓကတွေ အများကြီးရှိခဲ့ပေတာပဲ။ ဒါတွေကို လေ့လာသိမြင်သဘောပေါက်ရင် အချိန်ကိုက်စွန့်စားမှုကို အမှန်ကန်ဆုံးရွေးချယ် ဆုံးဖြတ်တတ်မှာပဲ။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၂၉၅၄၇ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၂၉၅၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံ ၅၂၂၆၉ ဧက၊ ဆီထွက်သီးနှံစုံ ၈၉၅၁၉ဧက၊ စားဖိုဆောင်သီးနှံ ၂၉၀၆ ဧက၊ အခြားသီးနှံ ၈၄၈၅၃ ဧက စုစုပေါင်း သီးနှံစုံ ၂၂၉၅၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလမှာ စစ်ကိုင်းမြို့နယ်အတွင်း သီးနှံစုံဧက နှစ်သိန်းကျော် စိုက်ပျိုးသွားပါမယ်။ အခုလက်ရှိမှာ ဆောင်းသီးနှံတွေ စိုက်ပျိုးဖို့ ပြင်ဆင်နေကြပါပြီ။ ဒီနှစ် ဆောင်းသီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ သီးနှံတွေ အတွက်နှုန်းတိုးအောင်ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် သီးနှံစုံ စိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံအချိန်မီ စိုက်ပျိုးရန်၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရန်၊ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ ဆောင်းသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန် တောင်သူများလိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ထုတ်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ပံ့ပိုးပေးခြင်း စသည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံဧက ၅၂၅၉၀၊ ဆီထွက်သီးနှံ ၈၇၃၈၂ ဧက၊ စားဖိုဆောင်သီးနှံ ၃၁၃၇ ဧက၊ အခြားသီးနှံ ၉၃၄၉၆ ဧက စုစုပေါင်းသီးနှံစုံ ၂၃၆၆၀၁ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၂၀၆)



# စေတုတ္တရာမြို့နယ် ထမင်းချက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူနေမှု စစ်ဆေး

**စေတုတ္တရာ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေဖြင့် ထမင်းချက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက ထမင်းချက်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာတာဝန်ရှိသူများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

စေတုတ္တရာမြို့နယ် ထမင်းချက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ သိန်း အသုံးပြုကာ အရှည်ပေ ၁၃၀၀၀ ရှိသော စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ထမင်းချက်ကျေးရွာရှိ အိမ်ခြေ ၆၅ အိမ်၊ လူ ၂၃၈ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြချက်အရ သိရသည်။

**ကိုညီ**

## သာမညဖလ အခါတော်နေ့

\- ဥတုဟေမန် နက္ခတ်အပေါင်း
စုံညီကြောင်း လပြည့်ဝယ်၊
တိုင်းရှစ်ခွင် ပသာဒ
ရှုမဝတယ်၊
ဗြဟ္မာနှင့် ကြတ္တိကာကြယ်
စိတ်သိမှာကွယ် ကြည်နူး၊
ပတ်ဝန်းကျင် တစ်ခုလုံး
ရှုမဆုံးဘူး။

\- ဆရာတင် အယူမှားလို့
အပူများနှင့် တောက်လောင်လူ၊
လမ်းလွဲကာ အဇာတသတ်
အဖသတ်သူ၊
ပရိဒေဝ မီးတောက်ထူ
ဖိစီးရောက်ပူ စိုးရိမ်ခြင်း၊
မြေမျိုသူ ဒေဝဒတ်နောက်လိုက်
မိုက်ဇာတ်ဒဏ်နှင်း။

\- ဒိဋ္ဌိပယ် ဆရာဇီဝကက
ကြည်မြတဲ့ ကရုဏာ၊
သရက်ဥယျာဉ် သူညွှန်ထောက်
သွားရောက်ဖို့ရာ၊
အမျိုးသမီးပေါင်း ငါးရာ
ချပ်ဝတ်တန်ဆာ ဆင်မြန်းလို့၊
စိန္တေရှင် မြတ်တရား
မှတ်သားနာဖို့။

\- ပူပင်သူ အဇာတသတ်အဖို့
ဉာဏ်မြတ်တို့ ရရှိလို၊
သုံးလူ့ရှင် မြတ်တရား
နာကြားကြည်ညို၊
သာမညဖလ သုတ်တော်ကို
ထုတ်ဖော်ဆို အလင်းပြ၊
ကူထောက်မပူ ဘဝင်နှလုံးကိုလ
အပူရောက်သူ ရှင်ပြီးတဲ့
တန်ဆောင်မုန်းည။ ။

**ထက်အောင်လှူ(နံ့သာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တန်ဇန်းနီးယားနိုင်ငံ ဗိတိုရိယရေအိုင်အတွင်းသို့ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျ

**ဒါရပ်ဖ်ဆလမ် နိုဝင်ဘာ ၆**

တန်ဇန်းနီးယားနိုင်ငံ၌ ယနေ့တွင် ရာသီဥတုဆိုးရွားနေစဉ် လေဆိပ်သို့ဆင်းသက်ရန် ကြိုးစားခဲ့သည့် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဗိတိုရိယရေအိုင်အတွင်းသို့ ထိုးကျခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် ဗိတိုရိယရေအိုင်ကမ်းစပ်ရှိ ဘူကိုဘာမြို့လေဆိပ်သို့ မုန်တိုင်းထန်နေချိန် ဆင်းသက်ရန်ကြိုးစားစဉ် ရေအိုင်အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်ပေါ် လိုက်ပါသွားသည့် ခရီးသည်များအနက် ၁၅ ဦးကို ရှာဖွေကယ်ဆယ်ရေးသမားများက ကယ်ဆယ်ထားနိုင်ကြောင်း တန်ဇန်းနီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါခရီးသည်တင်လေယာဉ်ပေါ်၌ လူပေါင်း မည်မျှ မည်မျှလိုက်ပါလာသည်ကို တိတိကျကျမသိရသေးကြောင်း တန်ဇန်းနီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပရီဆိုက်ရှင်းအဲဖလိုက်စ် အမည်ရှိ တန်ဇန်းနီးယားလေကြောင်းလိုင်း တစ်ခုပိုင် အဆိုပါလေယာဉ်သည် ဒါရက်စ်ဆလာမ်မြို့မှ ပျံသန်းထွက်ခွာလာပြီးနောက်ဘူကိုဘာမြို့လေဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဗိတိုရိယရေအိုင်အတွင်းနစ်မြုပ်နေပြီဖြစ်သော အဆိုပါ ခရီးသည်တင်လေယာဉ်အတွင်း ပိတ်မိနေခဲ့ဖွယ်ရှိသူများကို ရှာဖွေကယ်ထုတ်ရေးအတွက် တန်ဇန်းနီးယား ကယ်ဆယ်ရေးသမားများက အချိန်လုကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO

## ကိုဆိုဗိုအစိုးရ အဖွဲ့အစည်းရာထူးများမှ ဆာ့ဘ်လူမျိုးများ နုတ်ထွက်

**ပရီစတီးနား နိုဝင်ဘာ ၆**

ကိုဆိုဗို မော်တော်ယာဉ်လိုင်စင်နံပါတ်ပြားများ စတင်သုံးစွဲရေးအတွက် ကိုဆိုဗိုတာဝန်ရှိသူများ၏ ညွှန်ကြားချက်ကို ကန့်ကွက်သည့်အနေဖြင့် ကိုဆိုဗိုမြောက်ပိုင်းမှ ဆာ့ဘ် လူနည်းစုဝင်များသည် အစိုးရရာထူးနေရာများမှ နိုဝင်ဘာ ၅ ရက်တွင် အစုလိုက်အပြုံလိုက် နုတ်ထွက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆာ့ဘ်လူနည်းစုဝင်များသည် ရဲတပ်ဖွဲ့နှင့် တရားရုံးရာထူးများအပါအဝင် ကိုဆိုဗိုအစိုးရအဖွဲ့အစည်းများမှအစုလိုက်အပြုံလိုက် နုတ်ထွက်ခဲ့ကြခြင်းဖြစ်သည်။

ကိုဆိုဗိုအစိုးရ ရာထူးများမှ နုတ်ထွက်ခဲ့ကြသော ဆာ့ဘ်လူမျိုးများထဲတွင် ဆက်သွယ်ရေးဝန်ကြီး ဂိုဇန်ရာကစ်ကိုယ်တိုင် ပါဝင်ခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်လိုင်စင်နံပါတ်ပြားပြဿနာသည် ကိုဆိုဗိုနှင့် အိမ်နီးချင်း ဆားဘီးယားနိုင်ငံတို့ကြား တင်းမာမှုမြင့်တက်လျက်ရှိသည်။

ဆားဘီးယားမှခွဲထွက်၍ ၂၀၀၈ ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့သည့် ကိုဆိုဗို၏မြောက်ဘက်ပိုင်း၌ ဆားဘီးယားနိုင်ငံက ထောက်ခံမှုပေးထားသော ဆာ့ဘ်လူနည်းစုဝင် ဦးရေ ၅၀၀၀၀ ထိ နေထိုင်ဖွယ်ရှိသည်။

အဆိုပါဆာ့ဘ်လူနည်းစုဝင်များသည် ဆားဘီးယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုကိုဆိုဗိုဖြစ်ခဲ့စဉ်ကာလ ၁၉၉၀ ပြည့်နှစ်များအတွင်း အသုံးပြုခဲ့သော ကားလိုင်စင်နံပါတ်ပြားများကိုသာ ဆက်လက်အသုံးပြုလိုကြကြောင်း သိရသည်။

လက်ရှိတွင် ကိုဆိုဗိုအစိုးရအဖွဲ့အစည်းများကို သပိတ်မမှောက်ရန်၊ စွန့်ခွာခြင်းများမပြုကြရန် ကိုဆိုဗိုဝန်ကြီးချုပ် အယ်လ်ဘင်ကာတီက ဆာ့ဘ်လူမျိုးများကို တိုက်တွန်းထားကြောင်း သိရသည်။ KKO



## တရုတ်ခရီးစဉ်သည် သွားရကျိုးနပ်သောခရီးစဉ်ဖြစ်ဟု ဂျာမနီဝန်ကြီးချုပ်ပြောကြား



**ဘာလင် နိုဝင်ဘာ ၆**

ယူကရိန်းပြဿနာ၌ နျူကလီးယားလက်နက်သုံးစွဲမှုဆန့်ကျင်ရေးကြေညာချက်ကို တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းသည် တရုတ်ခရီးစဉ်အတွက် လုံလောက်သည့် အကြောင်းရင်းဖြစ်နေပြီဖြစ်ကြောင်းဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှော့က နိုဝင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ နိုဝင်ဘာ ၄ ရက်တွင် တစ်ရက်ကြာခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီးနောက် ဂျာမနီဝန်ကြီးချုပ်က အဆိုပါအတိုင်း ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှော့သည်တရုတ်ခရီးစဉ်အတွင်း ဂျာမနီစီးပွားရေးအတွက် တရုတ်နိုင်ငံအပေါ် အလွန်အကျွံအားပြုမှု မဟာဗျူဟာကိုသာ ဆက်လက်ကျင့်သုံးခဲ့သည်ဟူသော စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။

သို့သော် ယူကရိန်းပြဿနာ၌ နျူကလီးယား လက်နက်သုံးစွဲမှုဆန့်ကျင်ရေးကြေညာချက်ကို ပူးတွဲထုတ်ပြန်နိုင်ခဲ့ခြင်းကြောင့် တရုတ်ခရီးစဉ်ကို သွားရကျိုးနပ်သောခရီးစဉ်အဖြစ် မှတ်ယူနိုင်ကြောင်း ဂျာမနီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ဝန်ကြီးချုပ် အိုလက်ဖ်ရှော့သည် တရုတ်သမ္မတရှီကျင့်ဖျင်၊ဝန်ကြီးချုပ် လီကာချန်တို့နှင့်တွေ့ဆုံ၍ ယူကရိန်းပြဿနာအပါအဝင် ကမ္ဘာ့ပြဿနာများ၊ တရုတ်-ဂျာမနီ စီးပွားရေးဆက်ဆံမှုကိစ္စများဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှော့သည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးစတင်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသို့သွားရောက်ခဲ့သည့် ပထမဆုံး ဂျီ-၇ အုပ်စုနိုင်ငံ့ခေါင်းဆောင်ဖြစ်ကြောင်း သိရသည်။ KKO

## မြေအောက်၌ ကိုးရက်ကြာပိတ်မိနေသော သတ္တုတွင်းအလုပ်သမားနှစ်ဦးကို တောင်ကိုရီးယားကယ်ဆယ်ရေးသမားများ ကယ်ထုတ်နိုင်

**ဆိုးလ် နိုဝင်ဘာ ၆**

သွပ်သတ္တုတွင်း တစ်တွင်း၌ တွင်းပြိုမှုဖြစ်ပွားခဲ့ပြီးနောက် မြေအောက်တွင် ကိုးရက်ကြာပိတ်မိနေခဲ့သည့် သတ္တုတွင်းအလုပ်သမားနှစ်ဦးကိုတောင်ကိုရီးယားကယ်ဆယ်ရေးသမားများက ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၅ ရက်တွင် ဖော်ပြခဲ့သည်။



အသက် ၆၂ နှစ်နှင့် ၅၆နှစ်ရှိ အဆိုပါသတ္တုတွင်း အလုပ်သမားနှစ်ဦးကို တောင်ကိုရီးယားကယ်ဆယ်ရေးသမားများက နိုဝင်ဘာ ၄ ရက်ညပိုင်းတွင် အောင်မြင်စွာ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းဆွန်ဝါမြို့၌ တည်ရှိသည့် အဆိုပါသတ္တုတွင်းသည်အောက်တိုဘာ ၂၆ ရက်တွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွင်းပြိုပြီးနောက် မြေအောက်၌ ပိတ်မိနေစဉ် ကိုးရက်တာအတွင်း အဆိုပါသတ္တုတွင်း အလုပ်သမားနှစ်ဦးတို့သည် ကော်ဖီမစ်ထုပ်များနှင့် သတ္တုတွင်းမျက်နှာကြက်မှ ယိုစိမ့်ကျလာသောရေတို့ကိုသောက်သုံး၍ အသက်ဆက်ခဲ့ကြရသည်။

အဆိုပါသတ္တုတွင်းအလုပ်သမားနှစ်ဦးအား ပြန်လည်ကယ်ထုတ်နိုင်ခဲ့မှုကို အံ့ဖွယ်ဖြစ်စဉ်အဖြစ် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးက ကြေညာခဲ့သည်။

ထို့ပြင် သမ္မတ ယွန်ဆွတ်ယိုးသည် ၎င်းသတ္တုတွင်းအလုပ်သမားနှစ်ဦးထံသို့ သမ္မတရုံးထိပ်တန်းတာဝန်ရှိသူတစ်ဦးကို စေလွှတ်၍ ဆုတောင်း သဝဏ်လွှာများနှင့် လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။ KKO

## ချားလ်ဘုရင်-၃ တရားဝင်နန်းတက်ပွဲအခမ်းအနားကိုဂုဏ်ပြုသည့်အနေဖြင့် ဗြိတိန်အစိုးရ ဘဏ်ပိတ်ရက်ကြေညာသတ်မှတ်မည်

**လန်ဒန် နိုဝင်ဘာ ၆**

ဗြိတိန်ဘုရင်ချားလ်-၃၏ တရားဝင်နန်းတက်ပွဲ အခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့်ဗြိတိန်အစိုးရက ၂၀၂၃ ခုနှစ်အတွင်း ဘဏ်ပိတ်ရက် ကြေညာသတ်မှတ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချားလ်ဘုရင်-၃ ၏ နန်းတက်ပွဲအခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် မေ ၈ ရက်ကို ဘဏ်ပိတ်ရက်အဖြစ် သတ်မှတ်ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်ခ်က ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ယခုနှစ် စက်တင်ဘာလအတွင်း မယ်တော်ဘုရင်မ အဲလစ်ဇဘတ်-၂ နတ်ရွာစံပြီးနောက် ချားလ်ဘုရင်-၃ က ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့သည်။

သို့သော် ချားလ်ဘုရင်-၃၏ တရားဝင်နန်းတက်ပွဲကို ၂၀၂၃ ခုနှစ် မေ ၆ ရက်မှသာကျင်းပရန် ဗြိတိန်အစိုးရက စီစဉ်ထားသည်။


အဆိုပါနိုင်ငံသည် ဘုရင်မ အဲလစ်ဇဘတ်-၂ ၁၉၅၃ ခုနှစ်တွင် နန်းတက်ပွဲ ကျင်းပခဲ့ချိန်ကလည်း ဘဏ်ပိတ်ရက်တစ်ရက်အပို သတ်မှတ်၍ ဂုဏ်ပြုခဲ့ဖူးသည်။

ချားလ်ဘုရင်-၃ ၏ နန်းတက်ပွဲအခမ်းအနားကိုလွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ ကျော်ကပင် ကျင့်သုံးခဲ့သောနန်းဓလေ့အတိုင်း လန်ဒန်မြို့ ဝက်စ်မင်စတာ ဘုရားကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## မင်တီယန် အာကာသသုတေသနခန်း ပင်မကိုယ်ထည်က အမြဲတမ်းဆိုက်ကပ်ထားမည့်နေရာသို့ နေရာပြောင်းဆိုက်ကပ်မှု ပြုလုပ်ခဲ့



**ပေကျင်း နိုဝင်ဘာ ၆**

တီယန်ကောင်း အာကာသစခန်းသို့ရောက်ရှိနေသည့် မင်တီယန် အာကာသ သုတေသနခန်း ပင်မကိုယ်ထည်သည် ဆိုက်ရောက်ပြီး မကြာမီမှာပင် အမြဲတမ်း ဆိုက်ကပ်ထားမည့်နေရာသို့ နေရာပြောင်းဆိုက်ကပ်မှု ပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံသည် တီယန်ကောင်း အာကာသစခန်း၏နောက်ဆုံးပင်မကိုယ်ထည်ဖြစ်သော မင်တီယန် သုတေသနခန်းကို အောက်တိုဘာ ၃၁ ရက်တွင် လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီး ၁၃ နာရီအကြာတွင် တီယန်ကောင်း အာကာသစခန်း၏ ရှေ့ဘက်ပိုင်း၌ ဆိုက်ကပ်ခဲ့သည်။

သို့ရာတွင် နိုဝင်ဘာ ၄ ရက်တွင် မင်တီယန်ပင်မကိုယ်ထည် အမြဲတမ်းဆိုက်ကပ်ထားမည့်နေရာဖြစ်သော တီယန်ကောင်းအာကာသစခန်း ဘယ်ဘက်ခြမ်းသို့ ပြောင်းရွှေ့ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

မင်တီယန်သုတေသနခန်းပင်မကိုယ်ထည် နေရာပြောင်းရွှေ့ဆိုက်ကပ်ခဲ့ပြီးနောက် တီယန်ကောင်း အာကာသစခန်း အခြေခံတည်ဆောက်ရေးလုပ်ငန်းလည်း အပြီးသတ်ခဲ့ပြီဖြစ်သည်။

တီယန်ကောင်းအာကာသစခန်း၏ ဒုတိယမြောက် ပင်မကိုယ်ထည်ဖြစ်သော ဝန်တီယန်သုတေသနခန်း ပင်မကိုယ်ထည်သည်လည်း ပြီးခဲ့သည့်စက်တင်ဘာလက အမြဲတမ်း ဆိုက်ကပ်ထားရမည့်နေရာဖြစ်သော အာကာသစခန်းညာဘက်ခြမ်းသို့ နေရာပြောင်းရွှေ့ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ တရုတ်အမျိုးသား အာကာသ အေဂျင်စီအနေဖြင့် အင်္ဂလိပ်အက္ခရာ "တီ"ပုံသဏ္ဌာန်ရှိသော တီယန်ကောင်းအာကာသစခန်းတည်ဆောက်မှုကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## ယခုနှစ် ဇန်နဝါရီလအတွင်း တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှုက မှတ်တမ်းတင်ခဲ့ဖူးသမျှ အမြင့်ဆုံးမီးတောင်ပြာမှုန်တန်းကို မှုတ်ထုတ်ခဲ့

**လန်ဒန် နိုဝင်ဘာ ၆**

ယခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သော တွန်ဂါရေအောက်မီးတောင်ပေါက်ကွဲမှုသည်မှတ်တမ်းတင်ခဲ့ဖူးသမျှ အမြင့်ဆုံးမီးတောင်ပြာမှုန်တန်းကို မှုတ်ထုတ်ခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

တောင်ပစိဖိတ်ဒေသ၌တည်ရှိသော တွန်ဂါ-ဟန်ဂါဟာအာပီ အမည်ရှိ အဆိုပါ ရေအောက်မီးတောင်သည် ယခုနှစ် ဇန်နဝါရီ ၁၅ ရက်က ပေါက်ကွဲခဲ့ ချိန်တွင် မီးတောင်ပြာမှုန်တန်း တစ်ခုကို အမြင့် ၃၅ မိုင်ထိ မှုတ်ထုတ်ခဲ့သည်ဟု ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

တွန်ဂါ ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော ပြာမှုန်တန်းသည် ကမ္ဘာ့လေထုလွှာ၏ တတိယအလွှာဖြစ်သည့် မီဆိုစဖီးယားလေထုလွှာ အတွင်း ထိုးဖောက်ဝင်ရောက်ခဲ့သော ပထမဆုံးမီးတောင်ပြာမှုန်တန်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက အတည်ပြုထားသည်။



မီဆိုစဖီးယားလေထုလွှာသည် ကမ္ဘာမြေပြင်အထက် အမြင့်ပေ ၁၆၀၀၀၀ ခန့်တွင်တည်ရှိပြီး ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာသည့် ဥက္ကာခဲများ စတင်လောင်ကျွမ်းပြိုပျက်၍ ကြယ်ကြွေများ ပေါ်ထွက်လာခဲ့ရာနေရာဖြစ်သည်။

ယခင်ကမ္ဘာ့အမြင့်ဆုံးမီးတောင်ပြာမှုန်တန်းကို ထုတ်လွှတ်ခဲ့သော မီးတောင်ပေါက်ကွဲမှုအဖြစ် သတ်မှတ်ခံထားရသောဖြစ်စဉ်မှာ ၁၉၉၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ ပီနာတူဘိုမီးတောင်ပေါက်ကွဲမှုဖြစ်ကြောင်း၊ ထိုစဉ်ကာလက ပီနာတူဘိုမီးတောင်သည် မီးတောင်ပြာမှုန်တန်းကို အမြင့် ၂၅ မိုင်ထိမှုတ်ထုတ်ခဲ့ကြောင်း သိရသည်။ KKO

## SLS ဒုံးပျံနှင့်အိုရီယွန်အာကာသယာဉ်တို့ ကနေဒီအာကာသစခန်းပစ်လွှတ်နယ်မြေသို့ ရောက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၆**

အားတီးမစ်-၁ မစ်ရှင်လွှတ်တင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အသုံးပြုမည့် SLS ဒုံးပျံနှင့်အိုရီယွန် အာကာသယာဉ်တို့သည် ကနေဒီ အာကာသစခန်း ပစ်လွှတ်နယ်မြေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

SLS ဒုံးပျံနှင့်အိုရီယွန်အာကာသယာဉ်တို့သည် ကနေဒီအာကာသစခန်းဒုံးပျံယာဉ် တပ်ဆင်ရေးရုံမှ ပစ်စင်အမှတ်(၃၉)ဘီသို့ ရောက်ရှိရေးအတွက် လေးမိုင်ကွာဝေးသည့် ခရီးစဉ်ကို နိုဝင်ဘာ ၄ ရက်က ကိုးနာရီခန့်ကြာ အချိန်ယူသွားရောက်ခဲ့ရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ကို လာမည့်နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်ကို လွှတ်တင်ရန်ပြီးခဲ့သည့်လအတွင်း နှစ်ကြိမ်ကြိုးစားခဲ့သော်လည်း လောင်စာဆီယိုစိမ့်မှုပြဿနာ၊ ရာသီဥတုပြဿနာတို့ကြောင့် အစီအစဉ်များဖျက်သိမ်းခဲ့ရသည်။

နာဆာအနေဖြင့် အားတီးမစ်-၁ မစ်ရှင်ကို နိုဝင်ဘာ ၁၄ ရက်တွင် လွှတ်တင်ရေးအတွက် စီစဉ်ထားသော်လည်း ကာရစ်ဘီယံပင်လယ်ဒေသရှိ လေဖိအားနည်းရပ်ဝန်းတစ်ခုကို စောင့်ကြည့်နေရဆဲဖြစ်သည်။

နာဆာအဖွဲ့သည် လကမ္ဘာပေါ်သို့ လူသားများပြန်လည်စေလွှတ်ရေးစီစဉ်ထားရာ အားတီးမစ်-၁ မစ်ရှင်သည် နာဆာ၏ရည်မှန်းချက်အတွက် ပထမဆုံးခြေလှမ်းဖြစ်သည်။

KKO

# HEALTH

## ဗဟိုအာရုံနှာဗ်ဆဲလ်စနစ်ရောဂါရှိ အဝလွန်သူများ၌ ရောဂါလက္ခဏာများ ဆိုးရွားနိုင်ခြေမြင့်မားနိုင်

**ဘာလင် နိုဝင်ဘာ ၆**

ဗဟိုအာရုံနှာဗ်ဆဲလ်စနစ်ပြိုကွဲပျက်စီးမှုရောဂါ (MS) ရှိနေသော အဝလွန်သူများတွင် MS ရောဂါလက္ခဏာများ ဆိုးရွားနိုင်ခြေမြင့်မားနေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

ဂျာမနီ သုတေသနပညာရှင်များသည် MS ရောဂါ အဝလွန်လူနာပေါင်း ၁၀၀၀ ကျော်တို့ကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ MS ရောဂါရှိသူ အဝလွန်လူနာများ၌ MS ရောဂါလက္ခဏာများ လျင်မြန်စွာပိုဆိုးလာနိုင်ခြေ မြင့်မားနေနိုင်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

သို့ဖြစ်ရာ ကိုယ်အလေးချိန်လျှော့ချမှုသည် MS ရောဂါရှိသူ အဝလွန်သူများအနေဖြင့် ရောဂါလက္ခဏာများကို လျှော့ချရာတွင် အထောက်အကူ ပေးနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့ရာတွင် အဝလွန်မှုနှင့် MS ရောဂါလက္ခဏာများ ပြင်းထန်နိုင်ခြေတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှုမရှိသေးကြောင်း၊ အဝလွန်မှုသည် နှလုံးရောဂါများဖြစ်နိုင်ခြေ၊ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေတို့အပြင် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ ဖြစ်နိုင်ခြေနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

KKO

## ညနေပိုင်းတွင်ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မှုက ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချနိုင်

**အမ်စတာဒမ် နိုဝင်ဘာ ၆**

ကိုယ်အလေးချိန်လျှော့ချရေးအတွက် ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်မည်ဆိုပါက ညနေပိုင်းပြုလုပ်မှုသည် နံနက်ပိုင်းပြုလုပ်ခြင်းထက် ပိုထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၅ ရက်က ရေးသားတင်ပြထားသည်။

နယ်သာလန်နိုင်ငံ လိုင်ဒန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့လယ်ပိုင်းနှင့် ညနေပိုင်းကာလ နှစ်ရပ်ကြား ကိုယ်ကာယာလေ့ကျင့်ခန်းပြုလုပ်မှုသည် လူ့ကိုယ်ခန္ဓာ၏ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်စွမ်းနည်းပါးလာမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အင်ဆူလင်ဟော်မုန်း တုံ့ပြန်အား ကျဆင်းမှုသည် ကိုယ်အလေးချိန် မြင့်တက်လာရမှု၏ အဓိကအကြောင်းတရားတစ်ရပ်ဖြစ်သည်။

နယ်သာလန် သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်နှင့် ၆၅ နှစ်ကြား လူပေါင်း ၇၀၀၀ ကျော်တို့၏ ဘဝနေထိုင်မှုပုံစံနှင့် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မှုပုံစံတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့၌ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်သူများ၏ အင်ဆူလင်ဟော်မုန်းတုံ့ပြန်နိုင်စွမ်း ကျဆင်းမှုနှုန်းမှာ နံနက်ပိုင်းကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်သူများထက် ၁၈ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီးပိုမိုနည်းပါးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုယ်ကာယလေ့ကျင့်ခန်းများကို အသင့်လျော်ဆုံးအချိန်များတွင် ပြုလုပ်ခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချနိုင်သလို ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုင်ယန် ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ် ဒဏ်ရာကြောင့် နှစ်ပတ်ခန့်အနားယူရမည်

**မြူးနစ် နိုဝင်ဘာ ၆**

ပြီးခဲ့သည့် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဟာသာဘာလင်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်တွင် ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်အနေဖြင့် ဒဏ်ရာရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားမတိုင်မီ နှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ပြန်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက အိမ်ရှင်ဟာသာဘာလင်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ဦးဆောင်နေချိန် ပွဲကစားချိန် ၆၃ မိနစ်အရောက်တွင် ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်မှာ ညာဘက်ပေါင်ခြံ ဒဏ်ရာကြောင့် အသင်းဖော်ကစားသမား လူးကပ်ဟာနန်ဒက်စ်နှင့် လူစားလဲထွက်ခွာခဲ့ရပြီး ကမ္ဘာ့ဖလားမတိုင်မီ နှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ နာဂျယ်စမန်းက "ဒေးဗစ်ဟာ ဘယ်တောင်ပံမှာ ခံစစ်ပိုင်းရော ကွင်းလယ်ပိုင်းပါ ကစားနိုင်သူပါ။ ဒီရာသီမှာလဲ အမှတ်ပေးပြိုင်ပွဲတိုင်းနီးပါး ပွဲထွက်ခွင့်ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်မှာတော့ ပေါင်ကြွက်သားထိခိုက်မှုကြောင့် လူစားလဲခဲ့ရတာပါ။ သူ့ဒဏ်ရာက ပြင်းထန်မှုမရှိပေမဲ့ စစ်ဆေးမှုတွေကို ဆက်လက်စောင့်ကြည့်ရမှာပါ။ အသင်းဆရာဝန်ရဲ့ ပြောကြားချက်အရ နှစ်ပတ်လောက် အနားယူရမယ်လို့ သိရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

STA

**ဝုဖ်ဘတ် Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၈-၁၁-၂၀၂၂ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၆ – ၁ ဝုဖ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**ဝုဖ်ဘတ် – ဝေး(သရေ) အိမ်(နိုင်) ဝေး(နိုင်)**

**ဒေါ့မွန် – ဝေး(နိုင်) ဝေး(သရေ) အိမ်(နိုင်)**

ဝုဖ်ဘတ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတယ်ဆိုပေမဲ့ ဒေါ့မွန်အသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိပါတယ်။ ဒေါ့မွန်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေပြီး ဝုဖ်ဘတ်အသင်းကို ဖိအားပေးကစားနိုင်မှာဖြစ်လို့ ထိပ်တိုက်တွေ့ဆုံတိုင်း အသာစီးရလေ့ရှိတဲ့ ဒေါ့မွန်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝုဖ်ဘတ် ၁ – ၂ ဒေါ့မွန်**

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ပီအက်စ်ဂျီ လူငယ်တိုက်စစ်ကစားသမား ဟော့နီကို ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုရန် ကြိုးပမ်းနေကြောင်း သိရသည်။
- စပါးအသင်းက ခံစစ်ကစားသမား အယ်မာဆင်ကို အင်တာမီလန်အသင်းမှ ဒမ်ဖရိုင်းစ်နှင့် အလဲအထပ်ပြုလုပ်ရန် ဆွေးနွေးမှုပြုလုပ်နေသည်။
- ဘရန့်ဖို့ဒ်တိုက်စစ်မှူး အီဗန်တိုနေးအနေဖြင့် တရားမဝင်လောင်းကစားပြုလုပ်ခဲ့မှုကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)ကစုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်းသိရသည်။

ML

# မေဂျာလိဂ်ပြိုင်ပွဲ ပထမဆုံးဘောလုံးရာသီကို တိုက်စစ်မှူး ဂါရတ်ဘေးလ် ဆုဖလားဖြင့် အဆုံးသတ်နိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၆**

ပြီးခဲ့သည့် နွေရာသီက ရီးရဲလ်မက်ဒရစ်အသင်းမှ လော့အိန်ဂျယ်လိစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့သည့်တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် အသင်းနှင့်ပါဝင်ခဲ့သည့် မေဂျာလိဂ်ဖလားဗိုလ်လုပွဲစဉ်တွင် အနိုင်ရရှိခဲ့သောကြောင့် ၎င်း၏ပထမဆုံးမေဂျာလိဂ်ဘောလုံးရာသီကို ဆုဖလားဖြင့် အဆုံးသတ်နိုင်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂါရတ်ဘေးလ်သည် အဆိုပါပွဲစဉ်တွင် အရန်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ပြီး အသင်းအနေဖြင့် မိနစ် ၉၀ အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေသဖြင့် အချိန်ပို ဆက်လက်ကစားခဲ့ချိန်တွင် ဂါရတ်ဘေးလ်အား ထည့်သွင်းခဲ့ရာ ပွဲပြီးဆုံးခါနီးတွင် ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရသော်လည်း ဂါရတ်ဘေးလ်က ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် ပင်နယ်တီ အဆုံးအဖြတ်သို့ ရောက်ရှိခဲ့ကာ ပင်နယ်တီတွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဂါရတ်ဘေးလ်အနေဖြင့် ပထမဆုံး ဘောလုံးရာသီတွင် မေဂျာလိဂ်ဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် အမေရိကန်မေဂျာလိဂ်သမိုင်းတွင် အဓိက ဆုဖလားပြိုင်ပွဲဖြစ်ပြီး အရှေ့ပိုင်းမေဂျာလိဂ်မှ ထိပ်ဆုံးအသင်း ခုနစ်သင်းနှင့် အနောက်ပိုင်းမေဂျာလိဂ်မှ ထိပ်ဆုံးအသင်း ခုနစ်သင်းတို့အနေဖြင့် Play-off ပွဲစဉ်များ ကစားခဲ့ရပြီးနောက် ဖီလာဒယ်ဖီယာအသင်းနှင့် လော့အိန်ဂျယ်လိစ်အသင်းတို့ ဗိုလ်လုပွဲစဉ်တွင် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

ဗိုလ်လုပွဲစဉ်သည် ပွဲစကတည်းက နှစ်သင်းစလုံး ဆုဖလားရရှိရေးအတွက် ဖိအားပေးတိုက်စစ်ဆင်ခဲ့ရာ လော့အိန်ဂျလိစ်အသင်းက ပွဲချိန် ၂၈ မိနစ်နှင့် ၈၂ မိနစ်တွင် ဂိုးရရှိခဲ့သော်လည်း ဖီလာဒယ်ဖီယာအသင်းက ပွဲချိန် ၅၉ နှင့် ၈၅ မိနစ်တို့တွင် ချေပဂိုးသွင်းယူနိုင်ခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့်ပွဲပြီးဆုံးခဲ့သဖြင့် အချိန်ပိုဆက်လက်ကစားခဲ့ကာ အချိန်ပို မိနစ် ၁၂၀ ပြီးဆုံးချိန်တွင် ဖီလာဒယ်ဖီယာအသင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း တိုက်စစ်မှူး ဂါရတ်ဘေးလ်က အချိန်ပိုပြီးဆုံးချိန် ရှစ်မိနစ်တွင် ချေပဂိုးထပ်မံသွင်းခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်သို့ ရောက်ရှိခဲ့ပြီး လော့အိန်ဂျလိစ်အသင်းက အနိုင်ရရှိခဲ့ကာ ဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ML

# Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဂျိုကိုဗစ် တက်ရောက်

**ပဲရစ် နိုဝင်ဘာ ၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၂၊ ၃-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း ATP Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်ရှုံးနိမ့်ခဲ့ရသည့်အတွက် ဗိုလ်လုပွဲစဉ် တက်ရောက်ရေးအတွက် အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ Tie-break အဆင့်ထိ ကစားခဲ့ရပြီး ဂျိုကိုဗစ်က အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၇) နေရာတွင်ရပ်တည်နေသည့် ဂျိုကိုဗစ်အနေဖြင့် တတိယပွဲငယ်တွင် အမှားအယွင်းအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့ပြီး ခုနစ်ကြိမ်မြောက် Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်လာခဲ့သည်။

ဂျိုကိုဗစ်က "အရမ်းခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲပါ။ ဒီလိုပွဲစဉ်မျိုးမှာ အနိုင်ရခဲ့တာ အရမ်းဝမ်းသာတယ်။ လက်ရှိ ကမ္ဘာ့အကောင်းဆုံး ကစားသမားစာရင်းမှာ ပါဝင်နေတဲ့ ပြိုင်ဘက်တစ်ယောက်ကိုအနိုင်ရပြီး ဗိုလ်လုပွဲစဉ်ကို တက်ရောက်ခွင့်ရခဲ့တဲ့အခြေအနေဟာဂုဏ်ယူစရာကောင်းတဲ့အခြေအနေပါ။ ဒီနှစ်အတွင်းမှာ ပြဿနာမျိုးစုံနဲ့ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်။ စွမ်းဆောင်ရည်ပိုင်းအတက်အကျတွေလဲ အရမ်းမြန်ဆန်ခဲ့တယ်။ ပဲရစ်မှာတော့ ကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်း ကစားထားနိုင်ခဲ့တယ်။ဆီမီးဖိုင်နယ်အဆင့်ထိ ကျွန်တော်လိုချင်တဲ့ ပုံစံအတိုင်းပဲလို့ သတ်မှတ်ရမယ်။ ဗိုလ်လုပွဲစဉ်မှာလဲ ပုံစံကောင်းကို ဆက်ထိန်းနိုင်မယ်လို့ မျှော်လင့်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဒရိုင်းဘတ် ဆွတ်ခူး



**တိုကျို နိုဝင်ဘာ ၆**

ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သော Japan Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တလန်ဂေါက်သီးရိုက်မယ် ဒရိုင်းဘတ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Scotsman သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန် ဂေါက်သီးရိုက်မယ် နာဂိုင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဆွီဒင်ဂေါက်သီးရိုက်မယ် လင်ဂရန့်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဒရိုင်းဘတ်အတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် LPGA Tour တွင် ပထမဆုံးသော ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင်လည်း ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒုတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးခြင်းဖြစ်ကြောင်း သိရသည်။

ဒရိုင်းဘတ်က "ဂျပန်မှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာဟာ ဒီတစ်ကြိမ်နဲ့ဆို နှစ်ကြိမ်ပဲ ရှိပါသေးတယ်။ ကျွန်မအနေနဲ့ ဂျပန်မှာ ကစားရတဲ့ အတွေ့အကြုံသိပ်မရှိသလို LPGA Tour မှာလဲ အောင်မြင်မှုမရဖူးသေးတဲ့အတွက် ချန်ပီယံဆုယူဖို့ဆိုတာ လုံးဝခေါင်းထဲမရှိပါဘူး။ ယူနိုင်မယ်လို့လဲ မထင်ထားဘူး။ ထင်မှတ်မထားတဲ့ အခြေအနေမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်မအတွက် ပထမဆုံးသော LPGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုဖြစ်တာကြောင့်လဲ ဒီပြိုင်ပွဲဟာ ကျွန်မအတွက် အမြဲတမ်း အမှတ်ရနေမယ့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ရှမ်းယူနိုက်တက်အသင်း အနိုင်ရရှိ




**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၂) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၂) ကို မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များကြောင့် ရွှေ့ဆိုင်းခဲ့ရသည့်အတွက် ယနေ့မှသာ ပြန်ကန်ပွဲစဉ်အဖြစ် ကစားခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ရှစ်မိနစ်တွင် စည်သူအောင်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက်ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး GFA အသင်းအနေဖြင့် ရှမ်းယူနိုက်တက်အသင်း၏ဖိအားပေးမှုများကို သာ ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရကာ ပွဲချိန် ၇၃ မိနစ်တွင် GFA အသင်းကစားသမားများ ဖျက်ထုတ်ပုံကြမ်းတမ်းမှုကြောင့်ရှမ်းယူနိုက်တက်အသင်း ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ စည်သူအောင်က အမှားအယွင်းမရှိ ကန်သွင်းပြီး ဒုတိယ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းကGFAအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# WBA စူပါလိုက်ဟဲဗီးဝိတ်တန်း လက်ရှိချန်ပီယံဆုကို ဘီလ်ဗို ကာကွယ်နိုင်ခဲ့



**ဒူဘိုင်း နိုဝင်ဘာ ၆**

WBA စူပါလိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဘီလ်ဗိုနှင့် စိန်ခေါ်သူ ရာမီရက်ဇ်တို့ နိုဝင်ဘာ ၅ ရက်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်း၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဘီလ်ဗိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်သွားနိုင်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှားလက်ဝှေ့သမား ဘီလ်ဗိုသည် မက္ကဆီကိုလက်ဝှေ့သမား ရာမီရက်ဇ်ကို အနိုင်ထိုးသတ်နိုင်ခဲ့ပြီးနောက် WBA စူပါလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ကိုးကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည့် လက်ဝှေ့သမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဘီလ်ဗိုအနေဖြင့် WBA စူပါလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ စတင်၍ ဆွတ်ခူးခဲ့သူဖြစ်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ငါးနှစ်တိုင်တိုင် အောင်မြင်စွာ ထိန်းသိမ်းနိုင်ခဲ့သည့် လက်ဝှေ့သမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဘီလ်ဗိုသည် ရာမီရက်ဇ်အား အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အမှတ်ပေးဒိုင်သုံးဦးရှိသည့်အနက် အမှတ် (၁) ဒိုင်က (၁၁၈-၁၁၀) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ် (၂) ဒိုင်နှင့် အမှတ် (၃) ဒိုင်တို့က (၁၁၇-၁၁၁) ရမှတ်တို့ဖြင့် ဘီလ်ဗိုအား အနိုင်ပေးခဲ့ခြင်းလည်း ဖြစ်သည်။

ဘီလ်ဗိုက "ရာမီရက်ဇ်ကို အနိုင်ထိုးသတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ရာမီရက်ဇ်ဟာ လက်ဝှေ့လောကမှာ စိန်ခေါ်ပွဲပေါင်း ၄၄ ပွဲထိ ထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ သူ့ကို ပထမဦးဆုံး အနိုင်ရခဲ့တဲ့ လက်ဝှေ့သမား ဖြစ်ခွင့်ရတာကိုလဲ ဂုဏ်ယူပါတယ်။ ရာမီရက်ဇ်နဲ့ လွန်ခဲ့တဲ့ ၃ နှစ်လောက်ကတည်းက ထိုးသတ်ချင်ခဲ့တာပါ။ ဒါပေမဲ့လဲ အခွင့်အရေးမရခဲ့လို့ ထိုးသတ်ခွင့်မရခဲ့ဘူး။ အခု အခွင့်အရေးရလာတော့ ကျွန်တော့်ရဲ့စွမ်းဆောင်ရည်တွေကို ပြသခွင့်ရခဲ့တယ်။ ကြီးကျယ်ခမ်းနားတဲ့ လက်ဝှေ့သမားတစ်ယောက်ကို အနိုင်ယူနိုင်ခဲ့တာဟာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေ တိုးတက်လာခြင်းရဲ့ သက်သေပါပဲ။ ဒီထက်ပိုပြီးတော့ စွမ်းဆောင်ရည်တွေ တိုးတက်လာအောင်ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဘာစီလိုနာကစားသမား ပီကေးက ပရော်ဖက်ရှင်နယ်ကစားသမားဘဝ နှုတ်ဆက်ပွဲအခမ်းအနားကျင်းပ

**မက်ဒရစ် နိုဝင်ဘာ ၆**

ဘာစီလိုနာအသင်းဝါရင့်ခံစစ်ကစားသမား ပီကေးသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့်အယ်မာရီယာအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝနှုတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ ပီကေးသည် ဘာစီလိုနာအသင်း အကယ်ဒမီဖြစ်သည့် မာလာစီယာအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်သော်လည်း ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်က မန်ယူအသင်းနှင့်စာချုပ်ချုပ်ဆိုခဲ့ပြီး စတင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းကို ဂန္ထဝင်နည်းပြကြီးဖာဂူဆန် တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ကစားခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းနှင့် စာချုပ်ချုပ်ဆိုကာ ကစားသမားဘဝစတင်ခဲ့သော်လည်း ပွဲစဉ်အနည်းငယ်သာ ကစားခဲ့ရသည့်အတွက် ၂၀၀၈ခုနှစ်က မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ပီကေးသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဂန္ထဝင်ကစားသမားကြီးပူယိုးနှင့်အတူတွဲဖက်ပြီးဘာစီလိုနာအသင်းဗဟိုခံစစ်ပိုင်းတွင် ကာလရှည် အဓိက ကစားသမားအဖြစ် ရပ်တည်ခဲ့ပြီး အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သော်လည်း ယခုအခါ အံ့အားသင့်ဖွယ် ကစားသမားဘဝမှအနားယူကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ STA

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၀ | - | ၁ | အာဆင်နယ် |
| အေဗီလာ | ၃ | - | ၁ | မန်ယူ |
| ဆောက်သမ်တန် | ၁ | - | ၄ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၁ | - | ၂ | ပဲလေ့စ် |

(ဝ၄ဝ)

**ပြင်သစ်လီဂူး ပွဲစဉ် (၁၄) ရလဒ်**

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၁ | - | ၂ | ပီအက်စ်ဂျီ |
| နိုက် | ၁ | - | ၀ | ဘရက် |
| ရိမ်း | ၁ | - | ၀ | နန့်တက် |
| တူးလော့ | ၀ | - | ၂ | မိုနာကို |

(ဝ၄ဝ)

# နော်တင်ဟမ်အသင်းကို အရေးယူပေးရန် ဘရန့်ဖို့ဒ်အသင်းနည်းပြ သောမတ်ဖရန့်တောင်းဆို

**လန်ဒန် နိုဝင်ဘာ ၆**

ဘရန့်ဖို့ဒ်အသင်း နည်းပြ သောမတ်ဖရန့်သည် နော်တင်ဟမ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင်နော်တင်ဟမ်အသင်းကွင်းဝန်ထမ်းနှင့် ၎င်းတို့အသင်းမှ ဂိုးနည်းပြတို့အချင်းများခဲ့ပြီး ဂိုးနည်းပြ ဒဏ်ရာရရှိခဲ့သည့်အတွက် နော်တင်ဟမ်အသင်းကို အရေးယူပေးရန် တောင်းဆိုမှု ပြုလုပ်ခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းဂိုးနည်းပြနှင့် အရန်ဂိုးသမားများ ပွဲမစတင်မီ ကွင်းအတွင်း သွေးပူလေ့ကျင့်ခန်း ပြုလုပ်နေချိန်တွင် နော်တင်ဟမ်အသင်းကွင်းဝန်ထမ်းတစ်ဦးနှင့် ဘရန့်ဖို့ဒ်အသင်း ဂိုးနည်းပြတို့အချင်းများခဲ့ပြီးနောက် နော်တင်ဟမ်အသင်းကွင်းဝန်ထမ်း၏တိုက်ခိုက်မှုကြောင့် ဂိုးနည်းပြ ဒဏ်ရာရရှိခဲ့သည်ဟု နည်းပြသောမတ်ဖရန့်က စွပ်စွဲမှုများပြုလုပ်ခဲ့ပြီး အရေးယူပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်တွင် နော်တင်ဟမ်အသင်း ကွင်းဝန်ထမ်းတစ်ဦးက ပွဲမစတင်မီ ကွင်းမျက်နှာပြင် ညီနေစဉ် ဘရန့်ဖို့ဒ်အသင်းဂိုးနည်းပြနှင့် ဂိုးသမားများကို ဂိုးဧရိယာအတွင်းမှ ခေတ္တထွက်ခွာပေးရန်အတွက် တောင်းဆိုခဲ့သော်လည်း ဂိုးနည်းပြကလည်း ထွက်ခွာခြင်းမရှိခဲ့ဘဲ ကွင်းဝန်ထမ်းကို တွန်းထုတ်ခဲ့ပြီးနောက် ၎င်းတို့နှစ်ဦး အချင်းများခဲ့ပြီးနောက် ရှန်းရင်းဆန်ခတ်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်း နည်းပြ သောမတ်ဖရန့်က "အဲဒီဖြစ်ရပ်အတွက် ကျွန်တော်တို့မှာ ခိုင်လုံတဲ့ သက်သေ ဓာတ်ပုံတွေကအစရှိပါတယ်။ ကျွန်တော်တို့ ဂိုးနည်းပြက ကွင်းဝန်ထမ်းကို တွန်းထုတ်လိုက်တော့ သူတုံ့ပြန်လို့ ကျွန်တော်တို့ ဂိုးနည်းပြ ဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒီအဖြစ်အပျက်ကို ဗီဒီယိုမှတ်တမ်းတွေမှာလဲရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု စွပ်စွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နော်တင်ဟမ်အသင်းကလည်း အဆိုပါဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ဂိုးဧရိယာအတွင်း သွေးပူလေ့ကျင့်ခန်းပြုလုပ်နေခြင်းမှာ စည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိဟု ပြန်လည်တုံ့ပြန်ထားကြောင်း သိရသည်။ STA

# ဂူမာရေစ့်အသင်း ခံစစ်ကစားသမား ဘမ်ဘာကိုခေါ်ယူရန် အာဆင်နယ်အသင်းပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၆**

အာဆင်နယ် အသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခံစစ်ကစားသမားခေါ်ယူရန်အတွက် ပေါ်တူဂီကလပ် ဂူမာရေ့စ်အသင်း ကစားသမား ဘမ်ဘာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း The Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ ခံစစ်ကစားသမား ဘမ်ဘာသည် ယခုနှစ် ဥရောပလိဂ်ကို ဂူမာရေ့စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲထွက်ခွင့်ရရှိထားပြီး ခြေစွမ်းပြကစားနေသောကြောင့် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ဗီလာရီးရဲလ်နှင့် အတ္တလန္တာအသင်းတို့က စိတ်ဝင်စားနေသော်လည်း ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်းက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ ကစားသမား ခေါ်ယူမည့်စာရင်းတွင် ထည့်သွင်းခဲ့ပြီး စတာလင်ပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

သို့သော် လူငယ်ကစားသမားအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ဆန္ဒမရှိသေးသော်လည်း ကလပ်အသင်းအနေဖြင့် ဘဏ္ဍာရေးအခက်အခဲကြောင့် ငွေကြေးအမြောက်အမြားသုံးစွဲ၍ ခေါ်ယူပါက လက်လွှတ်သွားမည်ဖြစ်သည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာသည် ယခုနှစ်ပရီးမီးယားလိဂ်ချန်ပီယံဆုကို ခေါ်ယူနိုင်ရန်အတွက် အသင်းမှ လူငယ်ကစားသမားများဖြစ်သည့် အန်ကေတီယာ၊ ဆာကာ၊ မာတင်နယ်လီတို့ကို သက်တမ်းတိုးရန် ပြင်ဆင်နေသည့်အပြင် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခံစစ်ကစားသမား ဘမ်ဘာအပါအဝင် ရှက်တာဒိုးနက် ကွင်းလယ်ကစားသမား မက်ဒရိုင်းခ်နှင့် လေဗာကူဆင် ကွင်းလယ်ကစားသမား မိုအူဆာဒမ်ဘီလီတို့ခေါ်ယူရန် ကမ်းလှမ်းမှုများပြုလုပ်နေသည်။ ML

# ဖြူးလေပြည်ဖျန်းစ ချမ်းစလေ ခဝဲပွင့်ချိန် နတ်နိုးချိန်ဝယ်

ခိုင်(မိတ္ထီလာ)

**"လှဲဝင်းပြာဖြူ၊ ဟန်ယူယိမ်းနွဲ့၊ စဝဲပွင့်တုန်း၊ တန်ဆောင်မုန်း"**ဟူသော စာဆိုဦးယာ၏ အဖွဲ့အစပ်ကို ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလဘွဲ့လူးတားတွင် တွေ့ရှိရသည်။ တန်ဆောင်မုန်းလသည် **"မြောက်လေငယ် သွင်းပါလို့ မြူနှင်းငယ်ဝိုဝို မြင်တိုင်းငယ် ပျိုသည်"**ဟု မဟာအတုလမင်းကြီးဆိုရလောက်အောင် လွမ်းဖွယ်ရာသီစာပန်းချီဖြစ်ပါသည်။ ကြည့်လေတိုင်းကြည့်လေတိုင်း သာမောဖွယ်ကောင်းပုံကိုလည်း **"ရဂုံမြိုင်မှု၊ ထုံလှိုင်ညှာနွဲ့၊ ပန်းစဝဲနှင့် စဝဲရွှေခိုင်၊ ရာသီပိုင်လို့၊ ဂနိုင်ညွတ်စေ၊ ဆွတ်မူးဝေမျှ ကြည်းရေတောတောင်"**အဝှန်းသည် မသာယာစဖူး အလွန်သာယာလှပါသည်ဟု လူဦးမင်းက လေးချိုးကြီးအသွင် မှတ်တမ်းတင်ခဲ့လေသည်။

စာဆိုနဝဒေးကြီး၏ ပိုဒ်စုံရတုတွင် **"စဝဲရွှေရောင်၊ တန်ဆောင်မုန်းရက်၊ လက်ကားဗြိစ္ဆာ၊ ကြတ္တိကာနှင့်၊ ရောင်ဝါလျှံဦး၊ ဆီမီးမြင်းမိုရ်"**ဟု မှတ်သားရဖူးသည်။ **"တန်ဆောင်မုန်းလ၊ ဗြိစ္ဆာရာသီ၊ ကြတ္တိကာနက္ခတ်"** အမှတ်အသားလည်း ရှိထားပေသည်။ တန်ဆောင်မုန်းလ၏နက္ခတ်မှာ ကြတ္တိကာနက္ခတ်နှင့် ရောဟဏီနက္ခတ်တို့ဖြစ်ပြီး ကြတ္တိကာနက္ခတ်မှာ လပြည့်စန်းယှဉ်နက္ခတ် ဖြစ်၏။ တန်ဆောင်မုန်းလ၏ ရာသီရုပ်ပုံသည် ကင်းမြီးကောက်ဖြစ်သည်။ တန်ဆောင်မုန်းလကို ရှေးက တန်ဆောင်မှုန်းဟု ရေးသားကြသည်။ မီးရှူးမီးတိုင် ထွန်းလင်းတောက်ပသည်ကို အကြောင်းပြု၍ ရေးသားကြသည်ဟု ရှေးလူကြီးများ ဆိုပါသည်။ တန်ဆောင်မှာ မီးရှူးမီးတိုင်တို့မှပေးသော အလင်းရောင်၊ မှုန်းကား ထွန်းလင်းတောက်ပစေသည်ဟု အဓိပ္ပာယ်ရကြောင်း ဆရာကြီးဦးဖိုးလတ် ဖွင့်ဆိုပါသည်။

တန်ဆောင်မုန်းလသည် သရဒရာသီဖြစ်သည်။ "ဥတုခြောက်ပါးတွင် တော်သလင်းလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ထိ နှစ်လရှိသောဥတု၊ တန်ဆောင်မုန်းလ"ဟု ပါဠိသက်ဝေါဟာရအဘိဓာန်တွင် သရဒ၏အဓိပ္ပာယ်ကို ဖွင့်ဆိုထားသည်။ **"မိုးယံ ဖျားဆောင်း၊ တန်ဆောင်မုန်းလမာသာ၊ သရဒအခါတွင်"**ဟု ဦးသက္ကပြုစုသော ဦးပုညဇေဒင်ဟောတေးထပ် အဖြေကျမ်းတွင် ပါရှိသည်။ တန်ဆောင်မုန်းလကား မိုးလေကင်းလွတ်ပြီဖြစ်၍ ခြေခင်းလက်ခင်းသာယာလှရကား စာဆိုဦးကြော့က **"သာထက်သာ သာတဲ့လပေမို့သရဒရာသီ"**အစချီကာ ရေးဖွဲ့ခဲ့ပေသည်။ **"ဤလသည် သရဒရာသီဖြစ်၍ ဆီးနှင်း၊ မြူတိမ်၊ မီးခိုးစသည်မယှက်မလိမ်ပေ။ ထို့ကြောင့်ပင် ရှေးခေတ်မြန်မာတို့သည် ဤလပြည့်နေ့ညဉ့် ကြယ်တာရာများကို အထူးအာရုံစိုက်ကြည့်ခဲ့ကြပေသည်"**ဟူ၍ ဆယ့်နှစ်လရာသီပြကြယ်တာရာပုံများစာအုပ်လာ နိုဝင်ဘာည အာကာသတက္ကာတွင်လည်း သိမှတ်ဖွယ်ဖော်ပြထားပေသည်။

ဤလတွင် နေမင်းသည် ဗြိစ္ဆာရာသီနယ်ပယ်ကို နောက်ခံထား၍ မျက်မြင်အားဖြင့် အရှေ့မှ အနောက်သို့ တရွေ့ရွေ့ယွန်းနေသည်။ ဤသို့လျှင် နေမင်းရပ်တည်ရာ ရာသီအမည်အားဖြင့် ဤတန်ဆောင်မုန်းလသည် ဗြိစ္ဆာရာသီဟု အမည်တွင်ကြောင်းလည်း သိရှိရပေသည်။ နိုဝင်ဘာ ၁ ရက်နေ့ နေ့မွန်းတည့်ချိန်တွင် နေသည် အီကွေတာမှ တောင်ဘက် ၁၄ အံသာခွဲခန့် တိမ်းစောင်းနေသည်။ ထိုသို့ နေသည်တောင်ဘက် တာဟီလမ်းသို့ မြန်းလေပြီဖြစ်သောကြောင့် မြောက်လေပြန်စပြုလာသည်။ **"မြောက်လေသွင်းချိ၊ ရာသီဗြိစ္ဆာ၊ လမှာတန်ဆောင်၊ မြူမှောင်မသန်း၊ သော်တာဆန်း"**စသောလူးတားအရ ဦးယာ၏ ဩကာသလောကသရုပ် ဖွင့်ထုတ်သီကုံးခဲ့ပုံမှာလည်း နှစ်သက်ခြင်းရသကို ပေးစွမ်းနေပေသည်။

မြန်မာ့ရိုးရာအလိုက် ကထိန်ခင်းမြဲ၊ ခဝဲပန်းလည်း ဝင်းဝါနေအောင် ပွင့်မြဲလမှာ တန်ဆောင်မုန်းလဖြစ်သည်။ **"ကြယ်ကြတ္တိကာ၊ ဗြိစ္ဆာခေါ်မြဲ၊ ကင်းလက်မဲနှင့် စဝဲလှိုင်လှိုင်၊ မသိုးသင်္ကန်း၊ လှူဒါန်းတန်ဆောင်တိုင်"** ဟူသော အဖွဲ့ကို ကင်းဝန်မင်းကြီး၏ ဆယ့်နှစ်ရာသီဘွဲ့တွင် လေ့လာနိုင်ပေသည်။

"တောချုံတို့တွင် တလွန့်လွန့်နွယ်တက်နေသော ခဝဲနွယ်ပင်အဆစ်တို့မှာ ဝါခဲ၊ ဝင်းခဲ၊ ထိန်ခဲ၊ လင်းခဲနှင့် နံနက်နေရောင်ခြည်တွင် ပွင့်လန်းနေကြသော ခဝဲပန်းတို့ကို မြန်မာကဗျာဆရာတို့ လွန်စွာသတိပြုခဲ့ကြပုံရသည်။ ခဝဲပွင့်၏ ကြူသင်းသောရနံ့ကိုလည်း လွန်စွာအာရုံပြုခဲ့ကြပုံရသည်။ ထို့ကြောင့်လည်း ပန်းအများရှိသည့်အနက် ခဝဲပန်းကိုသာလျှင် ရွေးချယ်ကာ တန်ဆောင်မုန်းလ၏ရာသီပန်းအဖြစ် တင်မြှောက်ခဲ့ကြခြင်းဖြစ်ပေရာသည်"ဟူသော ဖိုးသူတော်ဦးမင်း၏ သဘာဝပြက္ခဒိန်နှင့် အခြားစာများစာအုပ်ပြုစုသူ ဆရာမင်းသုဝဏ်၏ကောက်ချက်သည် ပညာရဖွယ်သာတည်း။ ရှင်ထွေးညိုသည် ပြည်စုန်မော်ကွန်းတွင် **"ရွှေငုံစဝဲ၊ ပွင့်ကျင်မြဲသာ၊ နင်းဖွဲ့ဖျန်းနီး၊ သန်ပြီးကြွမှု၊ ဆောင်းသို့လှ၍၊ ရတုသာတုန်း တန်ဆောင်မုန်းဟု"** ဟူသော ခဝဲပန်းနှင့် တန်ဆောင်မုန်းလကို ဖက်တွဲဖွဲ့ဆိုချက်လည်းရှိပေသည်။ ရှင်မဟာသီလဝံသသည် သျှိသျှားကန်ဖွဲ့မော်ကွန်းတွင် အလားတူ ဖက်တွဲဖွဲ့ဆိုသကဲ့သို့ ရှင်မဟာရဋ္ဌသာရကလည်း စာဖွဲ့အပ်သော ပန်းအဖြစ် ဘူရိဒတ်လင်္ကာကြီးတွင် ခဝဲပန်းအလှကို စာသခဲ့ပေသည်။ ဆေးပညာရပ်အနေဖြင့် ဥတုဘောဇနသင်္ဂဟကျမ်း၌ "ခဝဲသည်ချိုခါးရသရှိ၏။ ဖျား၍ ကိုယ်ရောင်သောအာမဝါတနာ၊ ဝမ်းမီးနှံ့ခြင်းတို့ကို ပြုတတ်၏" စသည်ဖြင့် ယောမင်းကြီး ဦးဘိုးလှိုင် ရေးသားခဲ့သေးသည်။

ရှေးသုတေသီတို့က ဗုဒ္ဓသာသနာမထွန်းကားမီ၌ တန်ဆောင်တိုင်မီးထွန်းပွဲသည် မီးနတ်ပူဇော်ပွဲမျှသာ ဖြစ်သည်ဟု ဆိုကြသည်။ ကြတ္တိကာနက္ခတ်သည် တန်ဆောင်မုန်းလ၏ စန်းယှဉ်နက္ခတ်ဖြစ်ကြောင်း ဆိုခဲ့ပြီးလေပြီ။ နွားရုပ်ပုံသဏ္ဌာန်ရှိသော ပြိဿရာသီကြယ်စုတွင် နွားရုပ်၏ပခုံးတစ်နေရာ၌ ကြတ္တိကာရှိသည်။ အင်္ဂလိပ်စကားတွင် THE PLEIADES ဟု ခေါ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် ကြယ်ခုနစ်လုံးကို ရကောက်သဏ္ဌာန် ကွေးကွေးကောက်ကောက်မြင်ရသည်။ မြန်မာစကားတွင် ဤကြတ္တိကာနက္ခတ်ကို ဖျောက်ဆိပ်ကြယ်ဟုခေါ်ကြသည်။ တန်ဆောင်မုန်းလပြည့်သန်းခေါင်အချိန်တွင် ကြတ္တိကာကြယ်သည် လပြည့်ဝန်းနှင့်ယှဉ်တွဲ၍ ကောင်းကင်လယ်၌ တောက်ပသည်ကို သတိထားကြည့်ရှုသင့်ပေသည်။ စိတ်ကြည်နူးဖွယ်ရာဖြစ်သော နက္ခတ်အပေါင်းခသည့် တန်ဆောင်မုန်းလပြည့်နေ့ဝယ် မီးနက္ခတ်ပူဇော်ပွဲနှင့် နတ်မင်းကြီးပူဇော်ပွဲများကို ကျင်းပကြသည်ဟု အဆိုရှိသည်။ နတ်မင်းကြီးဆိုသည်မှာ ဗိဿနိုးဟူ၍လည်း ခေါ်သော မဟာဝိနာယကနတ်မင်းကြီးဖြစ်သည်။ ထိုနတ်မင်းကြီးသည် ဝါဆိုလဆန်း ၁၂ ရက်နေ့မှစ၍ အိပ်ရာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့မှနိုးသည်။ ထို့ကြောင့် တန်ဆောင်မုန်းလကို နတ်နိုးလဟူ၍လည်း ခေါ်ကြသည်။

> ❖ ရှေးသုတေသီတို့က ဗုဒ္ဓသာသနာမထွန်းကားမီ၌ တန်ဆောင်တိုင်မီးထွန်းပွဲသည် မီးနတ်ပူဇော်ပွဲမျှသာ ဖြစ်သည်ဟုဆိုကြသည်။ ကြတ္တိကာနက္ခတ်သည် တန်ဆောင်မုန်းလ၏ စန်းယှဉ်နက္ခတ်ဖြစ်ကြောင်းဆိုခဲ့ပြီးလေပြီ။ နွားရုပ်ပုံသဏ္ဌာန်ရှိသော ပြိဿရာသီကြယ်စုတွင် နွားရုပ်၏ပခုံးတစ်နေရာ၌ ကြတ္တိကာရှိသည်။ အင်္ဂလိပ်စကားတွင် THE PLEIADES ဟု ခေါ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် ကြယ်ခုနစ်လုံးကို ရကောက်သဏ္ဌာန် ကွေးကွေးကောက်ကောက်မြင်ရသည်။ မြန်မာစကားတွင် ဤကြတ္တိကာနက္ခတ်ကို ဖျောက်ဆိပ်ကြယ်ဟုခေါ်ကြသည်။ ❖

တန်ဆောင်မုန်းလသည် ဆေးပေါင်းခသောလလည်းဖြစ်၍ တန်ဆောင်မုန်းလပြည့်နေ့ညဉ့်၌ မဲဇလီဖူး သုပ်စားသည့်အလေ့ရှိသည်။ ရောဂါဘယကင်းသည်ဟု မြန်မာတို့ယူဆကြသည်။ ဝေါဟာရလိနတ္ထကျမ်းတွင် "တန်ဆောင်မုန်းလပြည့်နေ့ ပုဏ္ဏတိထိတွင် ဆေးပင်အပေါင်းတို့ကို စောင့်သောနတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းအား ခစားညီမူလာကြောင်း၊ ထိုအခါ မဲဇလီဖူးကို စားသုံးရသဖြင့် အန္တရာယ်အမျိုး ၉၆ ပါး ကင်း၍ ဘုန်းကြီးသက်ရှည်ရှိကြောင်းများကို ဆိုသောကြောင့် ထိုမဲဇလီဖူးကို စားသုံးကြသောထုံးဖြစ်လေသည်"ဟုလည်း မှတ်သားရပါသည်။

တန်ဆောင်မုန်းလ၏ မီးနတ်ပူဇော်ပွဲနှင့်အတူ ကျီးမနိုးပွဲဆိုသည်ကိုလည်း ကျင်းပကြသည်။ ကျီးမနိုးပွဲသည် အပျော်သက်သက်အချင်းချင်းကျီစယ်သောပွဲပါပေ။ လပြည့်နေ့သန်းခေါင်အချိန်၌ လူတို့အိပ်မောကျနေစဉ် အိမ်ပြင်တွင်ထားသော ကွပ်ပျစ်၊ ပန်းအိုးစသည့်အသုံးအဆောင်တို့ကို နောက်ပြောင်လိုသူတို့က တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းထားကြသည်။ ကျေးလက်တောရွာတချို့နှင့် ရပ်ကွက်တချို့တွင် ယနေ့တိုင် တွေ့ရှိနိုင်သေးသည့် အလေ့အထဖြစ်သည်။

**"လှူကထိန်သင်္ကန်းနှင့်၊ မင်္ဂလမ်းတဲ့ဆုပန်ရှယ်။ သည်ချိန်ကို ဝတ်မှုန်ကြလို့၊ စဝဲရွှေညာရင်းမှာ သင်းရနံ့ကြွယ်"** အစချီ စာဆိုတော်ဖိုးသူတော်ဦးမင်း၏ တန်ဆောင်မုန်းလဘွဲ့ကား ထင်ရှားလှ၏။

ကထိန်ပွဲလှူဒါန်းခြင်းကို ကထိန်ခင်းသည်ဟု ဆိုကြသည်။ ကထိန်ခင်းသည်ဆိုသည်မှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်းကာလကို သတ်မှတ်၍ သံဃာကိုလှူခြင်းဖြစ်သည်။ ဤရာသီ၌ သင်္ကန်းနှင့် အသုံးအဆောင်လှူဖွယ်များကို ကပ်လှူခြင်းသည် ဘုန်းကြီးတစ်ပါးတည်းအတွက် ပြုလုပ်ခြင်းမဟုတ်ဘဲ သံဃာ့ဂုဏ်ကိုရည်စူး၍ ကပ်လှူခြင်းဖြစ်သည်။ ထို့ကြောင့် ကထိန်သင်္ကန်းကပ်သောအခါ အလှူရှင်ပရိသတ်တို့က ဣမံ ကထိန စီဝရံ သံဃဿဒေမ။ ဤကထိန်သင်္ကန်းကို သံဃာအား လှူဒါန်းပါသည်ဟု ဆိုရသည်။ အလှူဝတ္ထုမှာ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ဧကသီ၊ ခါးဝတ်သင်းပိုင်ဟူ၍ သုံးမျိုးဖြစ်သည်။ တစ်မျိုးမျိုးကို လှူလျှင်လည်း ကထိန်အလှူပင်ဖြစ်သည်။ ကထိန်သင်္ကန်းကို ခံယူနိုင်သောပုဂ္ဂိုလ်ကား ကထိန်ခင်းမည့်ကျောင်းတိုက်မှာ ဝါမထပ်လျှင် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဝါကပ်ခဲ့ပြီး၍ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုသောရဟန်းဖြစ်ရမည်။ ဝါထပ်လျှင် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဝါကပ်ခဲ့ပြီး၍ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုသော ရဟန်းဖြစ်ရမည်။ ကထိန်အကျိုးငါးပါးတွင် ထင်ရှားရှိသောရဟန်းအား ခွင့်မပန်ဘဲ ဒါယကာ၊ ဒါယိကာမတို့၏အိမ်သို့ လှည့်လည်သွားလာခြင်းကြောင့် အာပတ်မသင့်ခြင်း၊ ရဟန်းသည် အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို သွားလေရာရာ မယူဘဲ ပေါ့ပေါ့ပါးပါး သွားလာနေထိုင်ခြင်းကြောင့် အာပတ်မသင့်ခြင်း စသည်တို့ပါဝင်သည်။

ဤလရာသီတွင် ကထိန်ခင်းခြင်းနှင့် တစ်ဆက်တည်း မသိုးသင်္ကန်းရက်သောပွဲလည်းရှိသည်။ ညတွင်းချင်းတွင် သင်္ကန်းတော်အလျာ ပိတ်တော်ကို လတ်လတ်ဆတ်ဆတ် အပြီးအစီးရက်လုပ်ရသောကြောင့် မသိုးသင်္ကန်းဟုခေါ်တွင်ခြင်းဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ်ခြင်းသည် မိမိဆန္ဒအလျောက်လုပ်ကြခြင်းဖြစ်ပြီး ဘာသာရေးအရပြုလုပ်ကြသောအစီအစဉ်များထဲတွင် အရေးတကြီးထည့်သွင်းထားခြင်းမရှိဟူသော သုံးသပ်ချက်များလည်းရှိပါသည်။ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်ထီးနန်းစလေ့ကို ဖော်ပြပေးသော ရှေးမြန်မာဘုရင်တို့၏ အခမ်းအနားအဆောင်အယောင်များကို ရေးသားထားသော လောကဗျူဟာအင်ရုံစာတမ်းတွင်မူ ကထိန်တော်ပွဲခေါင်းစဉ်ဖြင့် "တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ နံနက် ၄ ချက်တီးကို သွေးသောက်စုမြင်းတော်သည် ရွှေပန်းပန်တို့ကို အကြပ်ခန့်၍ ကျောင်းမှာချုပ်သည့် သင်္ကန်းကိုယူ၍ ရွှေစည်းခံတောင်တော်ဦးစရပ်တွင် ထားရသည်" စသည်ပါရှိ၏။

ပျော်ရွှင်ဖွယ်ပွဲများသည် တန်ဆောင်မုန်းတွင် စုဝေးနေသည်ဟု ဆိုရလောက်အောင် မီးထွန်းပွဲ၊ သျှင်မာလဲပွဲ၊ ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ စသည့်ပွဲများအပြင် ပုံသကူပွဲကလည်း ကြည်နူးရိပ်ဆင်လျက်ရှိသည်။ သာယာသောညချမ်းတွင် ပုံသကူရှာသူတို့က ရင်ခုန်စိတ်လှုပ်ရှားနေသလို ရသူယူစေဟူသော သဘောဖြင့် သစ်ပင်ရိပ်များ၊ ခြံဝင်းတိုင်များကြား ဝှက်ထားသော ပုံသကူပစ္စည်းထုပ်များသည်လည်း လိုအပ်သူတို့အတွက် တန်ဖိုးထိုက်လှပေသည်။ တန်ဆောင်မုန်းတွင် ပျော်ပွဲဖွဲ့ဖွယ်များသည်နှင့်အမျှ အလွမ်းဇာတ်ခင်းရသူလည်း မရှားပါပြီ။

"တန်ဆောင်မုန်းလပြည့် ညအခါဝယ် မီးရှူးမီးလှုံများ ထိန်ထိန်ညီးညီးဖြင့် မြို့လုံးကျွတ်မျှ ပွဲသဘင်ခံနေသော်လည်း နန်းတော်ခန်းမဆောင်၌ မပျော်နိုင်သူ တစ်ဦးကား ထက်စွာသောဓားသွားလုံဖျား၌ တည်နားနေရသည်နှင့် မခြားပါပေ။ ခမည်းတော်ကို သတ်စေခဲ့သော ဘုရင်အဇာတသတ်မင်းမှာ မင်းစည်းစိမ်တို့အလယ်၌ ချမ်းသာရာရှာမရခဲ့ပါတကား။ "သင်သည် အဖကိုသတ်၍ မင်းဖြစ်လော့။ ငါသည် မြတ်စွာဘုရားကိုသတ်၍ ဘုရားဖြစ်အံ့"ဟု ရှင်ဒေဝဒတ် ပြောဆိုခဲ့သည်။ မဟာပထဝီမြေကြီးသည် သင်ကဲ့သို့သော သူယုတ်သူပျက် ငါ့အထက်၌နေသည်ကို ငါမခံလိုပြီဟု ဆိုသကဲ့သို့ ကြောက်မက်ဖွယ်အသံပြုလျက် ဒေဝဒတ်နင်းရာအရပ်မှကွဲ၍ မီးလျှံများက အဝီစိငရဲသို့ ဝါးမျိုလိုက်လေသည်။ ၎င်းသတင်းစကား အဇာတသတ်မင်းကြားလျှင် ဤမြေကြီးသည် ငါ့ကိုလည်း မျိုလိမ့်မည်လား အထင်ရောက်လျက် အတိုင်းထက်အလွန် ထိတ်လန့်တော်မူလေသည်။ နောက်ဆုံးတွင် ဆရာဇီဝက၏အကူအညီဖြင့် သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေသော မြတ်စွာဘုရားထံရောက်၏။ "ဘုန်းတော်ကြီးသောမြတ်စွာဘုရား ရဟန်းပြုရခြင်း၏ အကျိုးသည် အဘယ်နည်း"ဟု မေးလျှောက်၏။ မြတ်စွာဘုရားသည် အဇာတသတ်မင်းအား သာမညဖလသုတ်ဒေသနာတော်ကို ဟောကြားတော်မူသည်။ အဇာတသတ်မင်းသည် လွန်စွာနှစ်သက်၍ဝမ်းမြောက်ဝမ်းသာဖြင့် နေရာမှထကာ မြတ်စွာဘုရားအားရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖယ်ခွာသွားလေတော့သည်"။ ဤမည်သောအလွမ်းဇာတ်ကို ဂျူနီယာဝင်း မြန်မာပြန်သော ဆယ့်နှစ်ရာသီပန်းများနှင့် ပွဲတော်များစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

သို့နှင့် ဖြူးလေပြည်ဖျန်းစ ချမ်းစတန်ဆောင်လကား လောကီထုပ္ပတ်လူတို့ဇာတ်ကို ဆင်ခြင်ဖွယ်ညွှန်ပြသကဲ့သို့ လောကုတ္တရာအရေး ကုသိုလ်ရေးတွင်လည်း လက်မနှေးရန် မီးမောင်းထိုးပြသနေသော ဇာတ်ခုံကြီးဖြစ်မှန်းမသိ ဖြစ်နေပါဘိတော့သည်။

# ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာကိုးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာကိုးဦး၏ အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း KZL Art Studio & Gallery မှ တာဝန်ခံ ပန်းချီခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရ ပန်းချီဆရာများဖြစ်သည့် ပန်းချီ စိုးအောင်(မန္တလေး)၊ ပန်းချီ စောစတီးဖ၊ ပန်းချီမွန်သက်၊ ပန်းချီလှဖုန်းအောင်၊ ပန်းချီ မင်းဇော်အောင်၊ ပန်းချီအောင်သွင်ဦး၊ ပန်းချီစောထွန်းလင်း၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ မိုးညိုတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံပန်းချီကား ၄၅ ကားကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နာမည်ရှိပြီးသား၊ ဈေးကွက်ရှိပြီးသား ပန်းချီဆရာတွေရဲ့လက်ရာစုံပန်းချီကား ၄၅ ကားကို ပြသမှာဖြစ်ပါတယ်။ ပန်းချီကားတွေကတော့ မကြာသေးခင်ကမှ ရေးဆွဲထားတဲ့ ဘယ်ပန်းချီပြခန်းမှ မတင်ဘူးသေးတဲ့ လက်ရာသစ်တွေကိုပဲ စုစည်းပြသပေးမှာ ဖြစ်ပါတယ်" ဟု KZL Art Studio & Gallery မှ တာဝန်ခံ ပန်းချီခင်ဇော်လတ်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄ × ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ်သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# The Fall Guy ဇာတ်ကား၌ မင်းသား ဝင်စတန်ဒ့ ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Fall Guy ဇာတ်ကား၌ မင်းသား ဝင်စတန်ဒ့ ပါဝင်လာကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၅ ရက်တွင် ရေးသားတင်ပြထားသည်။

The Fall Guy ဇာတ်ကားတွင် ဝင်စတန်ဒ့သည် မင်းသား ရိုင်ယန်ဂိုးစလင်း၊ မင်းသမီး အမ်မီလီ ဘလန့်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်းက ကြေးစားစတန့်သမား လူစွန့်စားတစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ဝင်စတန်ဒ့က ရိုင်ယန်ဂိုးစလင်း၏ အခင်ဆုံးသူငယ်ချင်းအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိတွင် The Fall Guy ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

The Fall Guy ဇာတ်ကားကို Bullet Train ဒါရိုက်တာ ဒေးဗစ်လိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Fall Guy ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုသီတင်းပတ်အတွင်း ဩစတြေးလျနိုင်ငံ၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

KKO





# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်နှင့် ဆွမ်းလောင်းလှူပွဲ မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက်တွင် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်နှင့် ဆွမ်းလောင်းလှူပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရစာသင်တိုက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာဘုံကထိန်နှင့် သံဃာတော်အပါး ၅၀၀ တို့အား ဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါကထိန်အလှူပွဲသို့ ရုပ်ရှင်အနုပညာရှင်များစွာ ပါဝင်ကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။



"နှစ်စဉ် ခင်းနေကြဖြစ်တဲ့ စုပေါင်းမဟာဘုံကထိန်ကို ကလေးဝတောရစာသင်တိုက်မှာ ပြုလုပ်ခဲ့ပါတယ်။ သံဃာတော်အပါး ၅၀၀ ကိုလဲ ဆွမ်း၊ ဆွမ်းဟင်းလျာတွေ လောင်းလှူခဲ့ပြီးတော့ နေ့ဆွမ်းလဲ ဆက်ကပ်ခဲ့ပါတယ်။ အနုပညာရှင်တွေ၊ စေတနာရှင်တွေ လှူဒါန်းထားတဲ့ လှူဖွယ်ပစ္စည်းအစုစုနဲ့ ပဒေသာပင် ၄၃ ပင် လှူဒါန်းနိုင်ခဲ့ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ စုပေါင်းမဟာကထိန်အလှူသည် (၁၈) ကြိမ်မြောက် ကထိန်အလှူဖြစ်ပြီး ကထိန်အလှူ၊ ဆွမ်းအလှူနှင့် ပဒေသာပင်အလှူ စုစုပေါင်းမှာ တန်ဖိုးငွေကျပ်သိန်း ၂၀၀ ကျော်ရှိကြောင်း သိရသည်။

ASH

# Verona Spies ဇာတ်ကားတွင် မင်းသမီး အမ်မာရောဘတ် ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၆**

Verona Spies အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသမီး အမ်မာရောဘတ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၅ ရက်တွင် ရေးသားတင်ပြထားသည်။


အဆိုပါဇာတ်ကားသည် ဆေးကုမ္ပဏီအကြီးအကဲတစ်ဦးကို မြူဆွယ်၍ ဆေးဝါးသစ်တစ်မျိုး၏ ဖော်စပ်ပုံကို လှည့်ဖြားရယူရေးအတွက် လူမှားငှားရမ်းခံခဲ့ရသော အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည်ဖြစ်သည်။

Verona Spies ဇာတ်ကားတွင် မင်းသမီးအမ်မာရောဘတ်သည် အဓိကအမျိုးသမီးဇာတ်ကောင်ဖြစ်သော ဗီရိုနာအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျော့ဖရေးရက်လည်း အမ်မာရောဘတ်နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

Verona Spies ဇာတ်ကားကို ဒါရိုက်တာ ဖရင့်ကိုရာစီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။KKO





# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ယွန်းဆွမ်းအုပ်များမှာယူနေ

**ရန်ကုန် နိုဝင်ဘာ ၆**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက ယွန်းဆွမ်းအုပ်များမှာယူနေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ



မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူခြင်းဖြစ်ပြီး ယခုလအတွင်း ယွန်းထည်ဆွမ်းအုပ်များကို ရှမ်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တင်ပို့ပေးသွားရန်ရှိကြောင်း သိရသည်။

"သူတို့ ဒီလအတွက်မှာတာကတော့ ယွန်းထည်ဆွမ်းအုပ်ကလေးတွေပါ။ အရွယ်အစားကတော့ ခြောက်လက်မ၊ ရှစ်လက်မ အစားစားပါ။ ဒီလမကုန်ခင် ယွန်းဆွမ်းအုပ်အရေအတွက် ၂၀၀ တင်ပို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ယွန်းဆွမ်းအုပ်တစ်ခုကို အရွယ်အစားအလိုက် ငွေကျပ် ၁၀၀၀၀ ကနေ ငွေကျပ် ၃၀၀၀၀ ထိကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends Deepavali Celebration, one of the most sublime Hindu traditional festivals



Senior General Min Aung Hlaing delivers address at the Deepavali Celebration.

**Nay Pyi Taw November 6**
Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attended the Deepavali Celebration, one of the most sublime Hindu traditional festivals, at Shri Maha Laxmi Temple in Yankin Township, Yangon, this evening.

Present were SAC Joint Secretary Lt-Gen Ye Win Oo, SAC member Jeng Phang Naw Taung, Union ministers, Yangon Region Chief Minister U Soe Thein, Ambassador of India to Myanmar H.E. Mr. Vinay Kumar and wife, Ambassador of Russian Federation to Myanmar H.E. Mr. Listopadov Nikolai Alexandrovich, senior military officers from the Office of the Commander-in-Chief, Yangon Command Commander Maj-Gen Nyunt Win Swe and officials, Chairman of Interfaith Friendship Organization (Central) U Sein Than and officials, YMBA Chairman U Ye Tun and members, Secretary of All Myanmar Hindu Central Council Vice Chairman of Interfaith Friendship Organization (Central) U Zaw Zaw Naing and officials, officials of Myanmar-India International Entrepreneurs Federation and traders, Hindus of various races, Hindu traditional cultural troupes and invited guests.

The Senior General and party were welcomed by Chairman of Deepavali Celebration Organizing Committee U Zaw Zaw Naing and officials. The Senior General and party offered flowers, water and lights to the Buddha Image under the Bo Tree in the temple compound. They made offerings to the Statue of Shri Maha Laxmi in accord with the Hindu tradition.

Afterwards, respects were paid in accord with the Hindu tradition. U Zaw Zaw Naing honoured the Senior General, the ambassadors of India and Russia with garlands and silk cloths in accord with Hindu tradition.

The Senior General, the Indian Ambassador to Myanmar and wife, the Russian Federation Ambassador, Chairman of organizing committee U Zaw Zaw Naing lit the oil light to mark the Deepavali festival and posed for documentary photo. Then, the chairman explained the purpose of holding the festival.

Speaking on the occasion, the Senior General explained the purpose of his attendance to the festival, saying that Deepavali festival is set on the moonless day of Thadingyut in Myanmar tradition. Deepavali festival is the noblest festival of Hindus and it is a religious festival as well as a national festival. The festival means the victory of "**Kalyana**" over "**Kahna**" to flourish the wisdom "**Vijja**" by discarding the naughty "**Avijja**" and the victory of "**Dhamma**" over "**Addhamma**".

The word Deepavali is combined with "Dipa" and "Avali" in Pali. It means paying homage with lightings of oil lights. In the background history, King Rama defeated Ravana called Dassagiri and returned to the Ayuddhaya Palace. From then on, the king was welcomed by oil lights on the moonless night of Thadingyut to start the Deepavali festival.

It can be seen that the lighting festivals of Myanmar Buddhists and Hindus are different in backgrounds but holding of lighting festival is the same.

Section 362 in Chapter VIII of the 2008 Constitution of the Republic of the Union of Myanmar stipulates **the Union** also recognizes **Christianity, Islam, Hinduism and Animism as the religions existing in the Union** at the day of the coming into operation of this Constitution, and Section 363 mentions **the Union may assist and protect the religions it recognizes to its utmost.**

As such, the Senior General continued to say that the government provides necessary assistance for holding the religious ceremonies of four major religions in the nation whereas the Head of State and Union ministers join the relevant ceremonies. The Republic of the Union of Myanmar allows all the people to have relevant faiths in an independence manner. It is a good tradition that as the government has been assisting in all major religions including Hinduism as much as it can, all people in relevant faiths can celebrate the religious ceremonies with essence.

Likeminded people of four major religions in Myanmar were brought together and the Interfaith Friendship Organization was established as a core on 31 January 2008. It is learnt that for ensuring interfaith unity, four basic principles were adopted such as to reside together with mutual respect, peace and unity among people of different faiths, to help those troubled by religious and social conflicts and to seek coordination and negotiation in accord with the law if any loss surfaces in relation to religion. Hindus are also urged to continue to help and cooperate with efforts for interfaith friendship in accord with these basic principles.



Senior General Min Aung Hlaing takes part in the Deepavali Celebration.

May all the people living in the Republic of the Union of Myanmar regardless of race or religion continue to serve the national interests by upholding the four cardinal virtues such as metta, karuna, mudita and uppekha and following the teachings of their own religions.

*See Page 13*


Young women entertain the audience with a traditional dance.


U Zaw Zaw Naing speaks at the Deepavali Celebration.

*FromPage 12*

Based on this auspicious occasion, may they spreadlights of Dhamma out of humanity, compassion and tolerance. May they with a sense of duty promote their efforts for building up a modern, developed country, serving the interests of Myanmar and achieving national prosperity.

The Indian ambassador expressed special thanks to the SAC Chairman Prime Minister and other State level dignitaries for their presence at the event and to all organizers of the event. He said Myanmar and India share borders as well as basically similar religions, cultures and faiths. The two governments and peoples have good relations that must be maintained and strengthened. The Russian ambassador for his part said the Deepavali festival is a crucial event for Hindus, expressing his thanks for being invited to attend it. He expressed his wish for peace and tranquility of people of all faiths in Myanmar and India. He then spoke in Myanmar language reciting a saying **"Let the amity last long and the hate die down"** and wishing for mental and physical wellbeing of those in attendance. Then, missionary Sayadaw Dr Hla Tun explained facts about Hinduism and expressed greetings.

Later, the Senior General and those in attendance were presented traditional Hindu dances. After the performance, the Senior General presented a flower basket to the cultural troupe. 100

# Regional development tasks undertaken in more than 100 villages to contribute to Myeik district tourism industry

**Myeik November 6**

The Ministry of Cooperatives and Rural Development stated that more than 100 development projects are being implemented in over 100 villages so as to improve tourism industry in Myeik District in open season.

Myeik District Rural Development Department spent K2,030.731 million on 118 rural development tasks in 115 villages of four townships in Myeik District.

The development undertakings cover 115 villages in Myeik, Kyunsu, Palaw and Tanintharyi townships of Myeik District as of the first week of September this year.

In so doing, K1,432.832 million was spent on development tasks in 58 villages and K597.9 million in 57 villages, totalling amounting to K2,030.732 million for 115 villages.

In this regard, 39 water supply tasks, five agriculture and rural manufacturing roads, one bridge and 58 box culverts were undertaken in 58 villages.

In 57 villages, 42 inter-village roads, one bridge, nine rural water supply tasks, one power supply task, one school fencing, one school roofing, one KG school construction, two infrastructure buildings and other tasks, totalling 60.

Local people contributed K27.9 million and budget for the project K570 million, totaled K697.9 million for the projects. 336


An aerial view of Myeik District.

# Four sugar mills under construction for increasing export volume of sugar


Bags of sugar stored in a warehouse.

**Nay Pyi Taw November 6**

Four sugar mills are being built with the aim of increasing export volume of sugar to foreign countries, according to the Sugar and Sugarcane Products Entrepreneurs Association.

The Chinese General Trading Co from China offered to purchase 30,000 to 50,000 tons of sugar, molasses, white sugar and brown sugar per year from Myanmar and some 3,000 tons of these products on a monthly basis.

More than 400,000 acres of land are placed under sugarcane plantations in Myanmar to produce 400,000 to 500,000 tons of sugar per year. If sugar can be produced with the increased volume at home, import volume will be reduced.

During the three-year period from 2023 to 2025, a plan is underway to produce 1 million tons of sugar will be produced.

As such, efforts are being made to build more sugar mills so as to increase the export volume.

Currently, there are 23 modern sugar mills, 129 medium and small scale sugar mills, 63 distillery factories using sugar as raw materials, 56 soft drink, biscuit and other snack factories in Myanmar. Hence, more sugar mills are being built in Sagaing Region and northern Shan State.

Two new sugar mills are being built in Sagaing Region and two more in Shan State (North). 336

# Mann Yadanabon Airlines to launch Yangon-Mandalay-Myitkyina-Mandalay-Yangon flight as of 1 November

**Mandalay November 6**

Mann Yadanabon Airlines will launch the Yangon-Mandalay-Myitkyina-Mandalay-Yangon flight as of 1 November, according to the press release issued by the airlines on 29 October 2022.

The airlines will run the flight three times a week, on Tuesday, Thursday and Sunday. The flight schedules will be released.

Flight tickets are available at travels and tour agents and call center 09-404460006 and 09-404460007 from 9 am to 5.30 pm.

Moreover, passengers may buy the tickets online MYP Chatbot m.me/MannYadanarPonAirlines and www.airmyp.com through MPU, VISA, Master and 2C2payment.

Passengers need to show the vaccination certificates within 14 days approved by the Ministry of Health.

Those who have not received vaccinations need to take RDT test from hospitals, laboratory and clinics within 48 hours and Covid-19 vaccination certificates at the check-in counter.

The airlines runs its flights to Yangon, Heho, Mandalay, Sittway, Thandwe, Dawei, Tachilek and Lashio on a daily basis.

Mann Yadanabon Airline and Air Thanlwin airlines run the flight for Yangon-Dawei on Tuesday and Saturday on a weekly basis. 336

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားထုတ် Lancet Kamikaze ဒရုန်းများက နောက်ဆုံးပေါ်လေဆာလက်နက်များကို ခုခံနိုင်စွမ်းရှိ




ရုရှားနိုင်ငံထုတ် Lancet Kamikaze ဒရုန်းများသည် ၎င်း၏ လေဆာဆန့်ကျင်ကာကွယ်နိုင်မှုကြောင့် နောက်ဆုံးပေါ်လေဆာလက်နက်များကို ခုခံနိုင်စွမ်းရှိကြောင်း ရုရှားနိုင်ငံ Rostec ပြည်နယ် အဆင့်မြင့်နည်းပညာကော်ပိုရေးရှင်းက ၎င်း၏ Telegram ချန်နယ်တွင် ရေးသားခဲ့သည်။

Lancet ကိုကြားဖြတ်ပြီး ချေမှုန်းရန်သို့မဟုတ် ပစ်ချဖျက်ဆီးရန် မဖြစ်နိုင်ကြောင်း၊ ဒရုန်းများကို တန်ပြန်ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားကာ နောက်ဆုံးပေါ်လေဆာလက်နက်များပင်လျှင် ၎င်း၏ Anti-Laser Protection စနစ်ကြောင့် ဤ UAV အပေါ် ထိရောက်မှုမရှိနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

Lancet သည် ဂြိုဟ်တုလမ်းကြောင်းကိုအသုံးမပြုဘဲ ပစ်မှတ်များကို လွတ်လပ်စွာထောက်လှမ်းခြင်းနှင့် တိုက်ခိုက်ခြင်းများကိုလုပ်ဆောင်နိုင်သည်ဟု နိုင်ငံပိုင်ကော်ပိုရေးရှင်း Rostec မှ ပြောကြားခဲ့သည်။

Lancet တွင် ကင်းထောက်ခြင်း၊ ဆက်သွယ်ရေး၊ လမ်းကြောင်းပြခြင်းနှင့် တိုက်ခိုက်ခြင်းဆိုင်ရာ စနစ်အစိတ်အပိုင်းများပါဝင်ဖွဲ့စည်းထားသည်။ Zala Aero ကထုတ်လုပ်ပြီး IDEX 2019 တွင် ပြသခဲ့သည့် Kub-UAV ဒရုန်းများနှင့် နှိုင်းယှဉ်ပါက တိုက်ခိုက်ရေးဒရုန်းအသစ်သည် ပိုမိုလေးလံသောဝန်အား Payload သယ်ဆောင်နိုင်စွမ်းရှိသည်။ Lancet သည်သမားရိုးကျလက်နက်စနစ်များထက် ပိုမိုထိရောက်ပြီး ဈေးနှုန်းလည်း သိသိသာသာသက်သာသည်ဟု ထုတ်လုပ်သူက ပြောကြားခဲ့သည်။

Kalashnikov ၏ ညွှန်ကြားရေးမှူးချုပ် ဗလာဒီမာဒီမီထရီယက်၏အဆိုအရ Lancet ကို ပျံသန်းသည့် Terminal Stage အဆင့်တွင်ပင် အော်ပရေတာမှ ခဲယမ်းများကို ထိန်းချုပ်နိုင်သည့် TV လမ်းညွှန်ထိန်းကျောင်းမှုစနစ် တပ်ဆင်အသုံးပြုထားသည်။ ဒရုန်းအသစ်တွင် Optical-Electronic Guidance Unit ထိန်းကျောင်းမှုစနစ် အသုံးပြုထားပြီး မပျံသန်းမီ ကြိုတင်၍ လမ်းကြောင်းသတ်မှတ်ပေးနိုင်သည်။ ZALA Aero ၏အဆိုအရ Lancet ဒရုန်းသည် အများဆုံးပျံသန်းနိုင်သည့် အလေးချိန် (MTOW) သည် ၁၂ ကီလိုဂရမ်ထိရှိပြီး တိုက်ခိုက်ရေးအကွာအဝေး ၄၀ ကီလိုမီတာ (၂၅မိုင်) ထိစစ်ဆင်နိုင်စွမ်းရှိသည်။ ယာဉ်တွင် Proximity Fuse တပ်ဆင်ထားသည်။ Lancet Loitering Munition တိုက်ခိုက်ရေးဒရုန်းများကို သေးငယ်သော Rotor အသေးတစ်ခုပါရှိသည့် လျှပ်စစ်ဖြင့်မောင်းနှင်နိုင်သည့် တွန်းအင်ဂျင်ဖြင့် ပျံသန်းမောင်းနှင်နိုင်သည်။

အမှန်စင်စစ် Lancet တိုက်ခိုက်ရေးဒရုန်း တစ်နည်းအားဖြင့် Loitering Munition များသည် စနစ်နှစ်မျိုးဖြင့် ဖွဲ့စည်းထားသည်။ အရွယ်အစားပိုကြီးသော Lancet-3 နှင့် အရွယ်အစားသေးငယ်သော Lancet-1 တို့ဖြစ်သည်။ Lancet-3 သည် အလေးချိန် ၁၂ ကီလိုဂရမ်ရှိပြီး ၃ ကီလိုဂရမ်အလေးချိန်ရှိသော Payload ကိုသယ်ဆောင်ကာ အမြန်နှုန်း ကီလိုမီတာ ၈၀၊ ကီလိုမီတာ ၁၁၀၊ နာရီဖြင့် မိနစ် ၄၀ ကြာပျံသန်းစစ်ဆင်နိုင်သည်။ Lancet-1 သည် တူညီသောအမြန်နှုန်းနှင့် အများဆုံးပျံတက်နိုင်သည့် အလေးချိန် MTOW ၅ ကီလိုဂရမ်၊ ဝန်အား ၁ ကီလိုဂရမ်နှင့် လေထဲတွင်ပျံသန်းနေနိုင်ချိန် မိနစ် ၃၀ ဖြစ်သည်။ Lancet Loitering Munition များကို ဖြန့်ကြက်အသုံးပြုနိုင်ရန် နောက်ထပ် အခြေခံအဆောက်အအုံများ မလိုအပ်ပါချေ။

တိုက်ပွဲဝင် ဖွဲ့စည်းပုံတွင် Lancets များကို ပေါက်ကွဲမှုမြင့်မားသော (HE) သို့မဟုတ် HE-Fragmentation ထိပ်ဖူးများဖြင့်တပ်ဆင်၍ အသုံးပြုလေ့ရှိကြောင်း သိရသည်။

**Rostec claims laser weapons cannot destroy Russian Lancet kamikaze drones ကို ဘာသာပြန်ဆိုပါသည်။**

## တူရကီထုတ် Akinci မောင်းသူမဲ့လေယာဉ်ဆိုင်ရာလေ့ကျင့်မှုများ ပါကစ္စတန်လေတပ်ပြီးစီး

ပါကစ္စတန်လေတပ် (PAF) သည် ၎င်း၏တူရကီထုတ် Akinci မောင်းသူမဲ့လေယာဉ်များ ကိုင်တွယ်ထိန်းကျောင်း၊ မောင်းနှင်ရေးဆိုင်ရာ လေ့ကျင့်မှုများ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဂရိစီးတီးတိုင်းမ်စ်၏အဆိုအရ သိရသည်။

၎င်းသည် ပါကစ္စတန်လေတပ်၌ UAV ကို တပ်ဖြန့်အသုံးပြုနိုင်မည့် အစီအစဉ်ကို အချိန်ဇယားအတိုင်း ကွက်တိလုပ်ဆောင်နိုင်မည်ကို ညွှန်ပြလျက်ရှိသည်ဟု အဆိုပါ သတင်းရင်းမြစ်က သုံးသပ်ဖော်ပြထားသည်။

ပါကစ္စတန်၊ အဇာဘိုင်ဂျန်၊ တူရကီတို့အပါအဝင် နိုင်ငံသုံးနိုင်ငံမှ လေယာဉ်မှူးနှင့် တပ်ဖွဲ့ဝင် ၁၁၀ တို့ Akinci မောင်းသူမဲ့လေယာဉ် ဆဋ္ဌမအကြိမ်မြောက် လေ့ကျင့်ရေးအစီအစဉ်တွင် တက်ရောက်ခဲ့ကြကြောင်း မောင်းသူမဲ့လေယာဉ်ထုတ်လုပ်သူ Baykar က အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့်ကြေညာချက်တစ်ခုအရ သိရသည်။ Baykar က ပါကစ္စတန်နိုင်ငံမှ သင်တန်းပြီးမြောက်သူသင်တန်းသားအရေအတွက်ကို သီးသန့်မဖော်ပြထားသော်လည်း Janes က ထုတ်ပြန်ထားသည့် ဓာတ်ပုံများအပေါ် ခွဲခြမ်းစိတ်ဖြာမှုအရ ပါကစ္စတန်လေတပ် (PAF) အရာရှိ ၄၄ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း ဂရိစီးတီးတိုင်းမ်စ်က ရေးသားဖော်ပြခဲ့သည်။ လေယာဉ်မှူးများ၊ ဝန်တင် (Payload) အော်ပရေတာများ၊ စက်ပြင်နှင့် အင်ဂျင်နည်းပညာရှင်များ၊ အီလက်ထရွန်နစ်နှင့် မြေပြင်ထိန်းချုပ်ရေးစခန်းများ၏ အော်ပရေတာများနှင့် လက်နက်တပ်ဆင်ရေးအော်ပရေတာများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဩဂုတ်လအစောပိုင်းတွင် 'Pakistan Defense Blog' ဟုအမည်ပေးထားသည့် ပါကစ္စတန်အွန်လိုင်းသတင်းရင်းမြစ်တစ်ခုက ပါကစ္စတန်လေတပ် (PAF) တပ်ဖွဲ့များသည် တူရကီရှိ တည်နေရာဖော်ပြထားခြင်းမရှိသောနေရာတစ်ခုတွင် Akinci မောင်းသူမဲ့လေယာဉ်ကို လက်တွေ့ကွင်းဆင်းလေ့ကျင့်မှုစတင်ခဲ့ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ မောင်းသူမဲ့လေယာဉ်များသည် ၂၀၂၃ ခုနှစ်တွင် ပါကစ္စတန်လေတပ် (PAF) ၌ တပ်တော်ဝင်အသုံးပြုနိုင်မည်ဖြစ်ပြီး အစ္စလာမ်မာဘတ်သည် ဒရုန်းအတွက် စာချုပ်များအမြောက်အမြား သဘောတူချုပ်ဆိုထားကြောင်း ဂရိစီးတီးတိုင်းမ်စ်က ရေးသားဖော်ပြခဲ့သည်။




Baykar သည် လွန်ခဲ့သောနှစ် ၂၀ ခန့်ကတည်းက မောင်းသူမဲ့လေယာဉ်များကို တီထွင်ထုတ်လုပ်ခဲ့သည့် တူရကီနိုင်ငံ၏ ပထမဆုံးကုမ္ပဏီဖြစ်သည်။ ထိုအချိန်မှစ၍ ပို့ကုန်မှ စုစုပေါင်းဝင်ငွေ၏ ၇၅ ရာခိုင်နှုန်းကိုရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် Turkey Exporters' Assembly မှ ကာကွယ်ရေးနှင့် အာကာသကဏ္ဍတွင် ပို့ကုန်ခေါင်းဆောင်အဖြစ် စာရင်းသွင်းခဲ့ရသည့် ဘိုင်ကာ (Baykar) သည်၂၀၂၂ ခုနှစ်တွင် ပို့ကုန်များမှ ဝင်ငွေ၏ ၉၈ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

တူရကီစစ်ဘက်နှင့် လုံခြုံရေးတပ်ဖွဲ့များတွင် စတင်အသုံးပြုခဲ့သည့်နေ့မှစ၍ စစ်ဆင်ရေးများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေခဲ့သည့် Bayraktar Akinci သည် ယနေ့ထိ နိုင်ငံလေးနိုင်ငံနှင့် တင်ပို့ရောင်းချရန် စာချုပ်များချုပ်ဆိုထားပြီးဖြစ်သည်။ ထို့ပြင် တိုက်ခိုက်ရေးဒရုန်းကိုစိတ်ဝင်စားသည့် ပြည်ပနိုင်ငံအများအပြားနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိသည်။ တူရကီက ထုတ်လုပ်ထားသော ခဲယမ်းအားလုံးကို အသုံးပြုနိုင်သည့် Akinci မောင်းသူမဲ့လေယာဉ်သည် တိုက်ခိုက်ရေးဒရုန်းအဖြစ် မတူညီသောခဲယမ်းများ ပေါင်းစပ်အသုံးပြုနိုင်စေရန် လေ့လာမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**Pakistan Air Force completes training on Turkish Baykar Akinci attack drones ကို ဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# ဧရာဝတီတိုင်းဒေသကြီးတွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါးနှင့်ငါးဧက ၃၀၀၀ တွဲဖက်စိုက်ပျိုးမွေးမြူမည်



ယခင်နှစ်က စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီးတွင် လာမည့် နွေစပါးစိုက်ပျိုးရာသီ၌ စပါးဧက ၃၀၀၀ အတွင်း ငါးထည့်ပြီး စပါးနှင့်ငါးတွဲဖက်မွေးမြူသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဒေါ်လဲ့လဲ့က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လာမည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် နွေစပါးနှင့်ငါး တွဲဖက်ပြီး စပါးဧက ၃၀၀၀ အတွင်း ငါးထည့်တွဲဖက်မွေးမြူသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးစိုက်ပျိုးရာသီတွင် စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူပါက မိုးစပါးစိုက်ပျိုးရာသီ စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူသည့် ကာလထက် ပိုမိုဂရုစိုက် မွေးမြူရသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေး လုပ်ငန်းရှင်များအသင်းတို့ စနစ်တကျပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ စပါးနဲ့ငါး တွဲဖက်စိုက်ပျိုးမွေးမြူတဲ့လုပ်ငန်းကို လုပ်ဆောင်နေပါတယ်။ မိုးစပါး စိုက်ပျိုးတဲ့ရာသီမှာလဲ တွဲဖက်မွေးမြူနေသလို နွေစပါး စိုက်တဲ့ရာသီမှာလဲ တွဲဖက်မွေးမြူတာရှိတယ်။ နွေစပါး စိုက်တဲ့ရာသီမှာ မွေးရင်တော့ မိုးစပါးကာလထက် ပိုမိုဂရုစိုက်ရတယ်။ ဘာလို့လဲဆိုတော့ ရှတ်တရက် ရေခန်းခြောက်တတ်တယ်။ ရေပြတ်သွားရင် စပါးက ချက်ချင်းမသေတတ်ပေမဲ့ ငါးတွေက သေမှာဖြစ်ပါတယ်။ ဒီလိုစပါးနဲ့ငါး တွဲဖက်စိုက်ပျိုးမွေးမြူတဲ့အတွက် စပါးမှာ ဝင်ငွေရရှိသလို ငါးမှာလဲ ဝင်ငွေရရှိတဲ့အတွက် တောင်သူတွေက မွေးမြူဖို့ စိတ်အားထက်သန်နေပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဒေါ်လဲ့လဲ့က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းကို ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ငပုတောမြို့နယ်စသည့်မြို့နယ်များတွင် မွေးမြူသွားမည်ဖြစ်ကြောင်း၊ နွေစပါးနှင့်ငါး တွဲဖက်စိုက်ပျိုးမွေးမြူရာတွင် ငါးခုံးမကြီး၊ တီလားပီးယား၊ ရွှေဝါငါးကြင်းစသည့် ငါးအမျိုးအစားများကို အများဆုံးမွေးမြူကြမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းလားမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းများဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းလား နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေများဖြင့် ပန်ဟုတ်(ထက်)ကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့တွင် ကျေးလက် ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ပန်ဟုတ်(ထက်)ကျေးရွာတွင် အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း၊ ပန်ယောင်းကျေးရွာတွင် အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။



ပန်ဟုတ်(ထက်) ကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့တွင် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် အရှေ့ပိုင်းချယ်ရီ မြေကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၁၈၀ တို့၏ စိုက်ပျိုးမြေဧကများမှ ထွက်ရှိသော လယ်ယာထုတ်ကုန်စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# သဲကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ချေးယူသူများ လက်ဝယ်သို့ရောက်ရှိစေရေး ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် သဲကုန်းမြို့နယ် ဦးစီးမှူးတို့က ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၁၀ သန်းကို လွှဲပြောင်းပေးခဲ့ပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၁၆ သန်း၊ စုစုပေါင်း အသင်းသူ၊ အသင်းသား ၃၄ ဦးကို စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀ ဒသမ ၀၁ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၆-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နှံ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၇၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ (၃၈)ကြိမ်မြောက် မသိုးရှေ့ကြာသက်န်း ယှဉ်ပြိုင်ရက်ခတ်ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၆**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ (၃၈)ကြိမ်မြောက် မသိုးရှေ့ကြာသက်န်း ယှဉ်ပြိုင်ရက်ခတ်ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ ကျိုက်ဒေးအပ်စေတီတော် အလှည့်ကျ သဘာပတိက စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် တိုးချဲ့ဓမ္မရင်ပြင်တော်ကြီး၌ (၃၈)ကြိမ်မြောက် မသိုးရှေ့ကြာသက်န်း ယှဉ်ပြိုင်ရက်ခတ်ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ (၃၈)ကြိမ်မြောက် မသိုးရှေ့ကြာသက်န်း ရက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက (၃၈)ကြိမ်မြောက် မသိုးရှေ့ကြာသက်န်း ယှဉ်ပြိုင်ရက်စော် ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# ကျိုင်းတုံမြို့နယ်ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက်နှင့် အသက် ၁၆ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်



တာဝန်ရှိသူတစ်ဦးက ဆုရရှိသောအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့နယ် အားကစားကွင်း၌ ပြုလုပ်သည့် ကျိုင်းတုံမြို့နယ် ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက်နှင့် အသက် ၁၆ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းကပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ကျောင်းအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် အသက် ၁၆ နှစ်အောက် အထက်တန်းအဆင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအသင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲတွင် တံခွန်စိုက်ဖလားရရှိသွားသော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်း၊အတန်းလိုက်ပထမ၊ဒုတိယနှင့် တတိယဆုရရှိသွားသောအသင်းများ၊ အသင်းလိုက်အကောင်းဆုံးအားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များအတွက် ဖလားဆုနှင့် ဂုဏ်ပြုဆုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။

အဆိုပါ ကျိုင်းတုံမြို့နယ် ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက်နှင့် အသက် ၁၆ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်မှ ယနေ့ထိ အသက် ၁၄ နှစ်အောက် ၁၆ သင်းနှင့် အသက် ၁၆ နှစ်အောက် ၁၅ သင်းတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၆**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ကာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရသည့်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားဦးစီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပေးရသည့် ဌာနလည်းဖြစ်ကြောင်း၊ လုပ်ငန်းနှင့်ဆက်နွယ်သည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတရရှိမည့် စာအုပ်စာပေများကို လေ့လာမှတ်သားနေရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်၊ ပြည်သူအတွက် ဝန်ထမ်းကောင်းများဖြစ်အောင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စေတနာ၊ အနစ်နာ၊ ဝါသနာတို့ဖြင့် စဉ်ဆက်မပြတ်ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းဖြစ်စဉ်ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင်ဖွင့်လှစ်သည့် သင်တန်းများတွင် ထူးချွန်ဆုများရရှိခဲ့သည့် ရုံးအဆင့်ဆင့်မှ ဝန်ထမ်းများကို ဂုဏ်ပြုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၂၃၀ ကျော်တန်ဖိုးရှိ ဆုမဲများကို ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

တိုးမြှင့် ထမ်းဆောင်နိုင်ကြပါစေကြောင်းဖြင့် ဆန္ဒပြုဆုမွန်ကောင်းစကား ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့က အမှတ်တရစကားပြောကြားရာတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ယခုကဲ့သို့ ဟိန္ဒူရိုးရာ ဒီပါဝလီပွဲတော်သို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များကိုယ်တိုင် လာရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ဘာသာတရား၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုများ အခြေခံအားဖြင့်တူညီမှုရှိကြောင်း၊ ထို့ပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအချင်းချင်း ကောင်းမွန်သည့်ဆက်ဆံရေးများရှိကြကာ ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ဒီပါဝလီပွဲတော်သည် ဟိန္ဒူလူမျိုးများအတွက် အရေးကြီးသည့်ပွဲတော်တစ်ခုဖြစ်ပြီး ယခုကဲ့သို့ တက်ရောက်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ ဘာသာဝင်များအားလုံး ငြိမ်းငြိမ်းချမ်းချမ်းရှိကြရန် မေတ္တာပို့သပါကြောင်း၊ ပွဲတော်အထိမ်းအမှတ် ဂုဏ်ပြုသည့်စကားအနေဖြင့် **"ချစ်ကြို ရှည်စေ၊ မုန်းကိုတိုစေ"**ဟု ပြောကြားလိုကြောင်းနှင့် ကြွရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်းဖြင့်လည်းကောင်း မြန်မာဘာသာစကားဖြင့် ပြောကြားသည်။ ထို့နောက် ပွဲတော်ကျင်းပရေးကော်မတီမှ သနာ္တနဓမ္မပါလအဖွဲ့ချုပ် သာသနာပြုဆရာတော် ဒေါက်တာလှထွန်းက ဟိန္ဒူဘာသာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဘာသာပေါင်းစုံ အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြကာ အားလုံးကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများကို ဟိန္ဒူရိုးရာ ယဉ်ကျေးမှုအကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့များကို အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ**
**(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျာ**

ယနေ့ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏နေ့ထူးနေ့မြတ်အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် (၆၇)နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင်တည်ရှိပြီး မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၉ မိုင်ကျယ်ဝန်းပြီး ခရိုင် လေးခရိုင်၊ မြို့နယ် ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားရာမှ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ခရိုင်အဆင့်အဖြစ်တိုးမြှင့်ပေးခဲ့သည့်အတွက် ကရင်ပြည်နယ်တွင် ခရိုင်အဆင့် ခြောက်ခရိုင်ဖြင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်လာပြီဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် သာယာလှပသော တောတောင်များ၊ လိုဏ်ဂူများ၊ မြစ်ချောင်းအင်းအိုင်၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်နှင့်အညီ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သော အခင်းအကျင်းနှင့်ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

မြေပေါ်မြေအောက်နှင့် ရေသယံဇာတများ ပြည့်ဝပေါကြွယ်ခြင်းကြောင့်လည်း ဒေသခံတိုင်းရင်းသားပြည်သူအများစု၏ လူမှုစီးပွားဘဝ အဆင်ပြေကြသည်ကိုတွေ့ရပြီး ကရင်တိုင်းရင်းသားတို့၏ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအပေါ် ကရင်ပြည်နယ်အပါအဝင် တခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက်ကို ရေးဆွဲပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက်တွင် နိုင်ငံတော်စီးပွားရေးအတွက်အရေးပါသည့် ဥပဒေမူဘောင်ခိုင်မာကောင်းမွန်စေရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ကောင်းမွန်လာစေရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းစဉ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအပြင် နိုင်ငံတော်၏ ဦးစားပေးစီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေသည့် နည်းပညာ၊ ကုန်ထုတ်လုပ်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲစေမည့်အစီအမံများကို ထည့်သွင်းရေးဆွဲပြီး အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အိမ်စောင့်အစိုးရဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားများ၏ရိုးရာအမွေအနှစ်များ၊ စာပေ၊ သဘင်၊ ဂီတအနုပညာများသည် နှစ်ပေါင်းထောင်ချီဖြစ်တည်ခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသော်ငြား ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ချိန်တွင် သွေးခွဲအုပ်ချုပ်မှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ယွင်းကာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကရင်ပြည်နယ်အပါအဝင် ဒေသအသီးသီးတွင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးယန္တရားဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာ ဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ Virtual တွေ့ဆုံဆွေးနွေးမှုများနှင့် တရားဝင်တွေ့ဆုံမှုများပြုလုပ်ပြီး မပြတ်ထိတွေ့ဆက်ဆံလျက်ရှိရာ မိမိတို့အစိုးရတာဝန်ယူချိန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးခြင်းမပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကိုးကြိမ် တွေ့ဆုံခဲ့ပြီး NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ယခုနှစ်တွင်လည်း နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)တို့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ထို့ပြင် NCA စာချုပ်ပါ အချက်အလက်များကို အမြဲလေးစားရမည့်အပြင် မေ့ပျောက်၍လည်းမရပေ။ NCA **စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန်လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။** နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်အကျိုးစီးပွားကိုရှေးရှု၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံးလျှောက်လှမ်းကြရမည်ဖြစ်ပါသည်။

**မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအကျိုးစီးပွားကို မလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို အထူးသတိပြုကြရန်တိုက်တွန်းလိုပါသည်။**

**ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဟန်ချက်ညီညီလက်တွဲဆောင်ရွက်ပြီး အားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်မှုတို့ ခိုင်မာအောင်တည်ဆောက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာသည့် ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူများ၏ အားဖြင့် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏စံယူချက် ပြည့်ဝမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ ရရှိခံစားနေကြရပြီဖြစ်ပါသည်။ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။**

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်သည် အရေးပါသောနှစ်များဖြစ်သည့်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်သည် စိန်ရတုပြည်ထောင်စုနေ့အဖြစ် နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည်လည်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် ၇၅ နှစ်တာကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်များနှင့် ပြည့်စုံစေရန် အရေးကြီးသည့်အတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုလည်း ခမ်းနားထည်ဝါစွာကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကရင်ပြည်နယ်နေ့အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသအတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

ထို့ကြောင့် အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုးသယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းစစ်ဌာနချုပ်များ၌ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများပြုလုပ်



ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် တိုင်းစစ်ဌာနချုပ်များ၌ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ ပြုလုပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တိုင်းစစ်ဌာနချုပ်ရှိ မဟာသန္တရုံသိစေတီတော်မြတ်ကြီး ဓမ္မာရုံ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ (၃၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တိုင်းစစ်ဌာနချုပ် ဇေယျာဝတီခန်းမတို့၌ ကျင်းပပြုလုပ်ရာ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ အသီးသီးတက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်များထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ကထိန်လျာသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ တိုင်းစစ်ဌာနချုပ်အသီးသီးမှ စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ပဒေသာပင်များကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ မော်တော်ယာဉ်များဖြင့် အသီးသီး လှည့်လည်ပို့ဆောင် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# လားရှိုးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**လားရှိုး နိုဝင်ဘာ ၆**

လားရှိုးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့ အဝင် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် ပရိဝုဏ်အတွင်းရှိ မီးပုံးပျံကွင်းတွင် ယနေ့ညနေ ၆ နာရီက ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်း၊ ကချင်၊ ဝ၊ ကိုးကန့်၊ လားဟူ၊ လီဆူ၊ မြောင်ဇီး၊ မုံဝန်း(ဗမာ)စာပေနှင့်ယဉ်ကျေးမှု အဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ရှေးဦးစွာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှု အဖွဲ့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာဝတ်စုံများ၊ ရိုးရာအတီးအမှုတ်များဖြင့် မီးပုံးပျံကွင်းအတွင်း ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် အသီးသီးနေရာယူကြသည်။

ထို့နောက် လားရှိုးမြို့ပေါ်ရှိ စစ်ဘက်၊ နယ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပွဲတော်သို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက စိန်နပန်းမီးပုံးပျံများ၊ ဆင်ရုပ်၊ ခိုဖြူရုပ် အစရှိသည့် တိရစ္ဆာန်အရုပ်မီးပုံးပျံများ၊ ရိုးရာအလှမီးပုံးများကို တပျော်တပါး လွှတ်တင်ခြင်း၊ ရောင်စုံမီးရှူးမီးပန်းများကို ပစ်ဖောက်လွှတ်တင်ခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက လူမျိုးစုအလိုက် ရိုးရာအကအလှအပများ စုပေါင်းကပြခြင်းတို့ကို မီးပုံးပျံကွင်းအတွင်း ပြုလုပ်ကြသည်။

ယနေ့ပြုလုပ်သည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် စတုတ္ထအကြိမ်ဖြစ်ပြီး နိုဝင်ဘာ ၇ ရက်ထိ ညမီးကြီး၊ စိန်နပန်း၊ အရုပ်မီးပုံးများကို လွှတ်တင်ခြင်း၊ တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားလူမျိုးစုအလိုက် ရိုးရာအကအလှများ ဖျော်ဖြေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည် ဖြစ်ကြောင်းပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# တန်ဆောင်မုန်းလဆန်း(အဖိတ်နေ့)တွင် ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များကို အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြား



တန်ဆောင်မုန်းလဆန်း(အဖိတ်နေ့)တွင် ရဋ္ဌနန္ဒကဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များကို အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် မြန်မာတို့၏စိတ်ရင်းကို ဖော်ညွှန်းပြသနေသည့် မြန်မာ့ဆယ်နှစ်လရာသီ ပွဲတော်များ အနက် တန်ဆောင်မုန်းပွဲတော်တွင် မြန်မာတို့၏ အလှူသဒ္ဓါတရားထက်သန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုတို့ကို အထင်အရှားမြင်တွေ့ရသည့် ပွဲတော်တစ်ခု ဖြစ်သည်။

ထိုသို့ အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသော ရာသီပွဲတော်ဖြစ်သည့် တန်ဆောင်မုန်းလဆန်း(အဖိတ်နေ့) ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ပြုကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်တွင် အောက်တိုဘာ ၃၀ ရက်က ဘွဲ့နာမံတော် အမည်ပေးကင်ပွန်းတပ်နှင့် အဆောင်တော်တက်မင်္ဂလာပြုလုပ်ထားသည့် ရဋ္ဌနန္ဒက (ရဋ္ဌ=တိုင်းပြည်၊ နိုင်ငံ။ နန္ဒက=ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ် အပြည့်အစုံမှာ- တိုင်းပြည်ကချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ) ဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များကို သဒ္ဓါကြည်ဖြူစွာဖြင့် အစာလာရောက်ကျွေးမွေးကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

## နိုဝင်ဘာ ၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၂၇၄ ဦး |
| သေဆုံးသူ | ၁၉၄၈၅ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၄၈၅ ဦး |

**နေပြည်တော် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၅ ရက် ည ၈ နာရီ မှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း ၇၈၃၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် (၃၃)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် (၃၃)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ် လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲ အခမ်းအနား ကို မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းခမ္မာရုံ မဏ္ဍပ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် မဟာမုနိရုပ်ရှင်တော်ကို ဖူးမြော်ကြည်ညိုကာ ရင်ပြင်တော်တွင် ကျင်းပသည့် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မသိုးသင်္ကန်းအတွက် ဗိုင်းငင်ဝါဖတ်မှ စ၍ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့် ရက်လုပ်လှူဒါန်းပူဇော်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့တို့ကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ခြင်းကို ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ၊ ကိုးလုံးတကာစသည့် ရက်ကန်းပညာရှင်အဖွဲ့နှင့် ကိုးလုံးတကာ စက်ချုပ်ပညာရှင်အဖွဲ့တို့က လုပ်အားဒါနပြုကာ ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်ကို ပူဇော်သွားမည်ဖြစ်သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မဟာမုနိဘုရားကြီး ပိဋကတ်တော်ပြတိုက် အဆင့်မြှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက အဆောက်အအုံ ပြင်ဆင်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Air Chiefs Conference-19th AACC) သို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Air Chiefs Conference-19th AACC) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို တပ်မတော် အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၉)ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (19th ASEAN Air Chiefs Conference-19th AACC) သို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ်။**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလိပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းရှိ ဒေသခံပြည်သူ ၂၂၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။




**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးကို ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးစဉ်။**



**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၁ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၁၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၁ ဦး၊ မျက်စိရောဂါ ၃၂ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၃ ဦး စုစုပေါင်း ၂၂၉ ဦး တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာဦးရေ ၂၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၌ တန်ဆောင်မုန်းလဆန်း(အဖိတ်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များရှိ ဘုရားကျောင်းကန်အသီးသီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင်လည်း သာမညဖလအခါတော်နေ့အကြို အလှူဒါနပြုကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုကြသူများ၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်လျက်ရှိကြပြီး ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ မဟာဝိဇယစေတီတော်နှင့် စွယ်တော်မြတ်စေတီတော်စသည်တို့တွင် မနက်အရုဏ်တက်ချိန်မှစပြီး ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်း ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ပြုလျက်ရှိကြသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေတို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းကျေးရွာအုပ်စု ဦးပိန်တံတား၊ တံတားဦးမြို့နယ် အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမတော်မယ်နုအုတ်ကျောင်း၊ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်နှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်၌လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ အထင်ကရပန်းခြံများနှင့် အပန်းဖြေဥယျာဉ်များ၌လည်းကောင်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌လည်း လမ်းအဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် တန်ဆောင်မုန်းလဆန်း အဖိတ်နေ့အဖြစ် မီးထွန်းပွဲတော်ကိုပြုလုပ်ခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။



နေပြည်တော်ရှိ ရေပန်းဥယျာဉ်၌ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။



ပုသိမ်မြို့ရှိ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေတို့၌ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲ ကြည့်ရှုအားပေး





**ဘားအံ နိုဝင်ဘာ ၆**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲကို ယမန်နေ့ညပိုင်းတွင် ဘားအံမြို့ ဒုံးယိမ်းကွင်း၌ စတင်ကျင်းပသည်။

အဆိုပါ အကပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၂၀ အတွက် တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

(၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲသို့ ပြည်နယ်အတွင်းရှိ မြို့နယ်ကိုယ်စားပြုဒုံးအဖွဲ့များ၊ တိုက်နယ်ကျေးရွာကိုယ်စားပြုဒုံးအဖွဲ့များ စုစုပေါင်း ဒုံးအဖွဲ့ ၂၀ က နိုဝင်ဘာ ၅ ရက်မှ ၉ ရက်ထိ တစ်ညလျှင် ၁၀ ဒုံးနှုန်းခန့်ဖြင့် ယှဉ်ပြိုင်ကပြ ဖျော်ဖြေကြမည်ဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်တွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့၌ ပြည်သူ့ဥယျာဉ်တော်ကြီး ဖွင့်ပွဲကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၆**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ ပြည်သူ့ဥယျာဉ်တော်ကြီးဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေပိုင်းတွင် အဆိုပါစေတီတော်ကြီး၏ ပရိဝုဏ်၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ မြို့မိမြို့ဖများနှင့်အတူ ရန်တိုင်းအောင်ပြည်သူ့ဥယျာဉ်တော်ကြီး မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့သည်။ ထို့နောက် တိုင်းမှူးက ပန်းပွားအကအဖွဲ့များနှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုဆုတော်ငွေများ ချီးမြှင့်၍ အဆိုပါဥယျာဉ်အတွင်းရှိ ရှခင်းများ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများမှ စုပေါင်းပြုလုပ်သော စတုဒိသာမဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ မြို့မိမြို့ဖများက ရန်တိုင်းအောင် ပြည်သူ့ဥယျာဉ်တော်ကြီး မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



# မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၁) ဝန်ထမ်းမိသားစုများ၏ အကြိမ်(၃၀)မြောက်စုပေါင်းမဟာဘုံကထိန် ကျင်းပ



မန္တလေး နိုဝင်ဘာ ၆

မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၁) ဝန်ထမ်းမိသားစုများနှင့် ဘဏ်နှင့် ဆက်သွယ်သူများ မိဘပြည်သူများ၏ အကြိမ် (၃၀) မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက အဆိုပါဘဏ်၌ကျင်းပရာ ပုသိမ်ကြီးမြို့နယ် ရွှေကျင်ရေကျေးရွာရှိ သုနန္ဒာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိက အရှင်သူမြတ်အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ခရိုင်မန်နေဂျာ ဦးခင်မောင်ထွန်းနှင့် ဇနီးဒေါ်မင်းမင်းမော်၊ လက်ထောက်မန်နေဂျာများ၊ ကြီးကြပ်ဝန်ထမ်းများ၊ ငွေကြေးဌာန ဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ခရိုင်မန်နေဂျာနှင့် ဘဏ်ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ ဥပဇ္ဈာယ်ပရိသတ်တို့က ဆရာတော် ဘဒ္ဒန္တဉာဏိက အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ခရိုင်မန်နေဂျာ ဦးခင်မောင်ထွန်းနှင့်ဇနီးက သုနန္ဒာရာမ ကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာသင်္ကန်း၊ ကျောင်းအဝင်မုခ်ဦးဆောက်လုပ်ရန်အတွက် နဝကမ္မအလှူငွေကျပ် သိန်း ၃၀၊ လက်ထောက်မန်နေဂျာများနှင့် ဘဏ်ဝန်ထမ်းများက ဆရာတော်၊သံဃာတော် အရှင်သူမြတ်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ဆရာတော် ဘဒ္ဒန္တဉာဏိက အရှင်သူမြတ်ထံမှ ကထိန်အနုမောဒနာတရား နာယူကြက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ နံနက်ပိုင်းက ကျင်းပသော အကြိမ် (၃၀)မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ကထိန်လျာသင်္ကန်း၊ ကျောင်းအဝင်မုခ်ဦးအတွက် နဝကမ္မ အလှူတော်ငွေကျပ် သိန်း ၃၀ အပါအဝင် ငွေကျပ်သိန်း ၉၀ ကျော် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၀၃၉)

# KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က ဗန်းမော်မြို့အတွင်း ၁၀၇ မမ ရှော့ခ်တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၆

ကချင်ပြည်နယ် ဗန်းမော်မြို့အတွင်းသို့ နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က ၁၀၇ မမ ရှော့ခ်တိုက်ဒုံးများဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က ဗန်းမော်မြို့၏ မြောက်ဘက် မီတာ ၂၃၀၀ အကွာမှ ၁၀၇ မမ ရှော့ခ်တိုက်ဒုံးများဖြင့် ရမ်းသမ်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် အမှတ် (၂၃၇)အခြေခံပညာ မူလတန်းကျောင်း အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ကျောင်းခေါင်မိုးနှင့် ပြတင်းတံခါးများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ၁၀၇ မမ ရှော့ခ်တိုက်ဒုံးများဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အဖွဲ့များ၏ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ဗန်းမော်မြို့အတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ရှော့ခ်တိုက်ဒုံးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အမှတ်(၂၃၇) အခြေခံပညာ မူလတန်းကျောင်းအတွင်း ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ-၆၆/၆ (အထ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝက ရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်စွဲပါ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ဃ)တွင် အောက်ဖော်ပြပါ အတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင် ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ၆၆/၆ (အထ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်ထိ ပုံစံ၆၆/၆(အထ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ် တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြသီတာရပ်ကွက်နေ တင်မမစိုးသည် ၎င်းအသုံးပြုသည့် "Tin Ma Ma Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် အမှတ်(၄)ရပ်ကွက်နေ သိန်းထိုက်စိုးသည် ၎င်းအသုံးပြုသည့် "Thein Htike Soe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)နေ ရဲသူရ(ခ) ရဲကြီး(ခ) ရဲသူသည် ၎င်းအသုံးပြုသည့် "Ye Thura" Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁) ရပ်ကွက်နေ နန်းဒန်း(ခ) ပြုံးရီသည် ၎င်းအသုံးပြုသည့် "Nann Dann" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

0w Kw H @

# မီးသင့်အိုး

ဝိုင်ဝိုင်




(၁)

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . တွေ့တယ်နော် အစ်မ။ ဒေါင်ဒေါင်မြည်မှ အိုး။ အက်သံမရှိဘူး။ ကဲ. . . ရေစမ်းပြမယ်"

လက်ဆစ်ဖြင့်ခေါက်ပြ၊ လှပသောရေအိုးလေးကို သေချာလှည့်ပတ်ပြပြီး ရေတစ်ခွက်ထည့်ကာ အိုးပတ်ပတ်လည်ကို ရေစမ်းပြလိုက်သည်။

"စိမ့်ခြင်း၊ ယိုခြင်းမရှိဘူးနော် အစ်မ။ ဈေးကလဲ အနည်းဆုံးပါ။ အစ်မမိတ်ဆွေတွေကိုလဲ ကျွန်မဆိုင်ကို ညွှန်ပေးနော်။ ကျေးဇူးပါ အစ်မ"

သွက်သွက်လက်လက်နှင့် ရွှန်းရွှန်းဝေအောင် ပြောနေသောကျွန်မကို ရေအိုးလာဝယ်သောအစ်မက သဘောကျစွာပြောသည်။

"အေးပါကွယ်။ အနာအဆာမရှိတဲ့ ရေအိုးတွေသာ ရောင်းတဲ့ညီမဆိုင်ကို အစ်မအသိတွေကို ညွှန်ပေးပါ့မယ်"

ကျွန်မ၏ရေအိုးလေးကို သဘောကျစွာဝယ်သွားသော မြို့ထဲက ကျောင်းဆရာမအပျိုကြီးကို ငေးမော ကြည့်ရင်း အားကျမိသည်။ ကျွန်မဆိုသည့် အေးကြည်သာမှာ ငယ်စဉ်ကတည်းက အေးမြခြင်း၊ ကြည်သာခြင်း မရှိခဲ့ရလေသောဘဝ။ ကြိုးစားရုန်းကန်ခြင်းများစွာဖြင့် ယခုလို ရေအိုးဆိုင်လေးဖွင့်နိုင်ခဲ့ရသည်။ ကျွန်မတို့ စစ်ကိုင်းမြို့တွင် အသင်္ချာစောယွမ်းအဝိုင်းပတ်အလွန်တွင် အိုးဘိုရပ်ကွက်ရှိသည်။ ယခင် အသင်္ချာစောယွမ်းမင်းရုပ်တုမတည်မီက ထိုနေရာတွင် ရေအိုးအကြီးကြီးတည်ထားခဲ့သည်။ အိုးဘိုသူ ကျွန်မက ငယ်စဉ်ကတည်းက အိုးလုပ်ငန်းနှင့် ကျွမ်းဝင်ခဲ့သည်။ အမေဒေါ်အေးခင်က အိုးလုပ်ရန် မြေစေးအနီ၊ အနက်များကို နွားလှည်းဖြင့်လာလာရောင်းသော စစ်ကိုင်းနှင့် ခုနစ်မိုင်ခန့်ဝေးသည့် စာရေးရွာမှ အဖေဦးကြည်သာနှင့် အကြောင်းပါခဲ့သည်။ ကျွန်မ နှစ်နှစ်သမီးအရွယ်တွင် အဖေ ရုတ်တရက်ဆုံးပါးခဲ့သည်။ သမီးနှစ်ယောက်နှင့် အမေက အားကိုးရာအဖြစ် အိုးဘိုသားမိတ်ဆွေရင်း ဦးသန်းအောင်ကို လက်ထပ်ခဲ့သည်။ မမကြီး အပျိုဖော်ဝင်စတွင် ဦးသန်းအောင်က မမကြီးကို မရိုးမသားလုပ်၍ ပြဿနာများဖြစ်ကာ အမေ အိမ်ထောင်ကွဲလိုက်သည်။ မမကြီးက အနေအေးကာ ထုံထိုင်းသည်။ ဘာသင်သင် မတတ်မြောက်နိုင်ပါ။ မိရိုးဖလာအလုပ်ဖြစ်သော အိုးပုံသွင်း၊ အိုးရိုက်ကိုပင် အဆင်ပြေအောင် မလုပ်တတ်ပါ။ သောက်ရေအိုးတစ်လုံးရရန် အဆင့်ဆင့်ပြုလုပ်ရသည်။ မြေစေးအနီ၊ အနက်ကို သမအောင်မွှေ၊ မွှန်ညက်နေအောင်ထုထောင်း၊ ခဲသေးသေးမျှပင်မပါအောင် ဆန်ခါဖြင့်စစ် ရေဖြင့်တစ်ညနှပ်ထားရသည်။ မြေစေးရွှံ့ဖြစ်လာမှ သောက်ရေအိုးတစ်လုံးစာအရွယ်တော် ပုံဆောင်ခဲလေးများလုပ်ရသည်။ နောက်ပြီးတော့ သစ်သားပြားအဝိုင်းတွင် ဘေးနှစ်ဖက်လက်တန်းပါသော အိုးလက်လှည့်ပေါ်တွင် မြေစေးပုံဆောင်ခဲကိုတင်ကာ တစ်ဦးက အရှိန်ဖြင့်လှည့်ပေး၊ တစ်ဦးက လက်ကိုရေဆွတ်ကာ ပုံဆောင်ခဲကို အပေါ်မှနှိုက်၍ ရေအိုးကြမ်းပုံဖော်ရသည်။ ရေအိုးကြမ်းများကို ခပ်ထန့်ထန့်ဖြစ်စေရန် နေရိပ်တွင်ထားရသေးသည်။ ထို့နောက် အပေါ်ပိုင်းထိပ်ဝိုင်းဖုနှင့် အောက်ပိုင်းတွင် လက်တစ်ကိုင်စာပါသော လက်ခုတုံးဖြင့် ရေအိုးကြမ်းကိုယ်ထဲ လက်ဖြင့်ထိန်းဖိကာ အပေါ်မှ သစ်သားလက်ရိုက်တုတ်ဖြင့် ညီညာလှပသော ရေအိုးဖြစ်စေရန် ထုရိုက်ပေးရသည်။ ရေအိုးနှုတ်ခမ်းကို အတွန့်၊ အဝိုင်းဖြစ်စေရန်ကိုတော့ အိုးကြမ်းလှည့်စဉ်ကပင် ပုံဖော်ခဲ့သည်။ လက်ခုတုံးမှာ မြစ်သဲဖြူဖြူလေးများတို့ကာ သောက်ရေအေးစေရန်ရည်ရွယ်၍ ဖိရိုက်ကြသေးသည်။

စစ်ကိုင်းမြို့ အိုးဘိုရပ်က သောက်ရေအိုးသည် နာမည်ကြီးလှသည်။ ပြာသိုလတွင် မီးဖုတ်သော ရေအိုးက ပိုအေးစေ၍ ပြာသိုအိုးကို တကူးတက ဝယ်တတ်ကြသည်။ လူနေရပ်ကွက်နှင့်ဝေးရာ မြေကွက်လပ်တွင် မြေပြင်ပေါ် ထင်းများစီခင်းကာ အိုးချောများကို အဆင့်ဆင့်ထပ်၍ အပေါ်တွင် ကောက်ရိုးအုံပြီး ရွှံ့ဖြင့်မံကာမီးဖုတ်ရသည်။ လက်ပံသားထင်းဖြင့် မီးဖုတ်လျှင် ရေအိုးအရောင်ပိုလှစေသည်။ ရေအိုးအလုံးရေများလျှင်များသလောက် မီးဖုတ်ချိန်ပိုကြာတတ်သည်။ မီးသင့်၍အက်ကွဲသော အိုးများမပါစေရန် ထင်း၊ ကောက်ရိုး၊ ရွှံ့မံခြင်းကို ညီညွတ်မျှတအောင် ဂရုစိုက်ရသည်။

(၂)

"အေးကြည် ညည်း ကလေးကိုဆက်ဆံတာတင်းမာလွန်းတယ်။ ငါ့တူမလေး သနားစရာအေ"

"မမကြီး အသာနေ။ ငါ့ သမီး ငါ့လိုမဖြစ်အောင် အုပ်ထိန်းရမှာပဲ။ နင် ရှေ့က ဝင်ဝင်ပါတာ ငါ မကြိုက်ဘူးနော်"

မျက်မှောင်ကြုတ်ပြောလိုက်သည့် ကျွန်မစကားကို မမကြီးက မကျေနပ်သောပုံစံဖြင့် အိမ်နောက်ထဲဝင်သွားသည်။ ဘဝအထိနာခဲ့သောကျွန်မ၊ သမီးကိုတော့ ဘာတစ်ခုမှ အထိမနာစေချင်ပါ။ ကျောင်းဆရာမဖြစ်ချင်ခဲ့သောကျွန်မသည် ဆယ်တန်းနှစ်မှာပင် အချစ်ကို အရှုံးအမှုးဖက်တွယ်မိသည်။ ယုံကြည်စွာပုံအပ်မိကာမှ ကျွန်မကိုယ်ဝန်ရတော့ သူက တာဝန်မယူပါ။ ကိုယ့်ချစ်ခြင်းကို ကိုယ်လေးစားသည့်ကျွန်မ အများအမြင်တွင် အဖေမပေါ်ဘဲ သမီးလေးကို သတ္တိရှိစွာမွေးဖွားခဲ့သည်။ အမေနှင့် ဆွေမျိုးများက ကလေးအဖေဘယ်သူလဲ အကြိမ်ကြိမ်မေးခြင်းကို ကျွန်မ မဖြေခဲ့ပါ။ ဘော်ဒါဆောင်မှာ Guide လုပ်နေသော သူ့ပုံရိပ်ကို မကျဆင်းစေချင်သည့်ကျွန်မ၏ ချစ်ခြင်းမေတ္တာများသာ။ သမီးကိုတော့ ကျွန်မလိုဖြစ်မှာ အလွန်စိုးရိမ်သည်။ ငယ်စဉ်ကတည်းက ယောကျ်ားလေးသူငယ်ချင်း မထားရ၊ အပြင်ထွက်မလည်ရ ကျွန်မမျက်စိအောက်က အပျောက်မခံခဲ့ပါ။ ယခု ဆယ်တန်းနှစ်ကို သမီးက ဘော်ဒါတက်ချင်သည်။ ကျွန်မက သမီးကို ကျောင်းသာတက်စေ၍ ညဋ္ဌ အိမ်တွင် သမီးတစ်ဦးတည်းသာ Guide ဆရာမလေးများခေါ်ယူ၍ သင်စေသည်။

"ချိုချို မေမေက သမီးကို မချစ်ဘူး။ ဘာနေနေ မေမေ့သဘောပဲ။ သမီးလဲ သူငယ်ချင်းတွေနဲ့လျှောက်လည်ချင်တာပေါ့။ ချိုချိုပြောပေးနော်။ သမီးဖုန်းလဲ လိုချင်တယ်"

"အေးပါ သာသာရယ်။ ချိုချို ပြောပေးပါ့မယ်"

သမီးလေး မွန်မြတ်သာက မမကြီးချိုကြည်သာကို ချိုချိုဟုသာခေါ်သည်။ အပျိုကြီးဖြစ်သူ မမကြီးက သမီးကို တုန်နေအောင်ချစ်သည်။ ကျွန်မသိပါသည်။ သမီးဆယ်တန်းအောင်မှ ဖုန်းဝယ်ပေးမည်ပြောထား၍ ဝယ်ပေးရမည်။ သမီးလေးက သူ့အဒေါ်ကို တပ်ချွဲနေခြင်းကို ကျွန်မ TV ကြည့်ကာ မသိချင်ယောင်ဆောင်နေခဲ့သည်။ သမီးခဏခဏမေးသော သူ့အဖေဆိုသည်ကိုလည်း နောက်မမေးရန် တင်းမာစွာ ပြောထားခဲ့မိသည်။

"အေးကြည် မကြည်ဝင်းသမီးမင်္ဂလာဆောင်မှာ သာသာ့ကို ပန်းကြဲပေးဖို့ လာပြောနေတယ်။ ငါ့တူမလေး လှကလှနဲ့ ပန်းကြဲပါစေနော်အေ"

"မရဘူး မမကြီး။ ငါ့သမီးလှတာ လူတွေဝိုင်းကြည့်ဖို့မဟုတ်ဘူး။ ငါလက်မခံဘူး။ ဘယ်မင်္ဂလာဆောင်မှ ငါကော သမီးလေးပါမသွားတာ နင်အသိနော်။ မကြည်ဝင်းက တို့အမျိုးဆိုလဲ ငါခွင့်မပြုနိုင်ဘူး။ အဲဒီမင်္ဂလာဆောင် နင်ပဲသွားလိုက်။ သူများတွေထက် လက်ဖွဲ့ပိုဖွဲ့လိုက်"

"ညည်းနဲ့တော့ ခက်နေပြီ။ ငါ့တူမလေး လူတောမတိုးတော့ဘူး။ ကလေးက သနားစရာဖြစ်နေပြီ။ တက္ကသိုလ်တက်ဖို့လဲ ကျောင်းကားနဲ့မထည့်ဘူး ညည်းပဲလိုက်ပို့မယ်ဆိုဟုတ်လား။ သူ့ဘာသာ သူငယ်ချင်းတွေနဲ့၊ ကျောင်းကားနဲ့သာ သွားပါစေအေ"

"မမကြီး ငါ့သမီးအရေးကို နင်မရှုပ်နဲ့။ ငါ ရုန်းကန်နေတာ သမီးအတွက်ပဲ။ ငါ့သမီးကို အပေါင်းအသင်းလဲမမှားစေချင်ဘူး။ ဘယ်လိုယောကျ်ားမျိုးနဲ့မှ မတွေ့စေချင်ဘူး။ ငါ ရအောင်အုပ်ထားမှာပဲ"

ထုံအအမမကြီးကို ငယ်ကတည်းက ကျွန်မအနိုင်ယူတတ်သည်။ အမေဆုံးပြီးနောက် မမကြီး၏အားကိုးရာက ကျွန်မသာ။ သွက်လက်ထက်မြက်သော ကျွန်မက လောကကြီးကိုမကြောက်။ လူတွေကို ဂရုမစိုက်။ အိုးကြမ်းများ ကြိုပေးဝယ်ကာ မီးဖုတ်ပြန်ရောင်း။ ရပ်ကွက်တွင်းငွေတိုးပေး၊ အဝတ်အထည်များလှည့်ရောင်းနှင့် ငွေကို ကြိုးစားရှာဖွေခဲ့ပြီး ယခုကားလမ်းဘေးတွင် မြေဝယ်ကာ ရေအိုးဆိုင်လေးဖွင့်နိုင်ခဲ့ခြင်းပင်။ ကဲ့ရဲ့တတ်သော အမျိုးများနှင့်ပင် ခပ်ကင်းကင်းနေခဲ့သည်။ စီးပွားရေးသာ အဓိကထားခဲ့သော ကျွန်မသည် ချဉ်းကပ်လာသော ယောကျ်ားများကို လှည့်ပင်မကြည့်တတ်ခဲ့ပါ။

(၃)

"ညည်းအေ ငါ့တူမလေးက အခုဆို တက္ကသိုလ်နောက်ဆုံးနှစ်ရောက်နေပါပြီ။ သူ့ဘာသာသူငယ်ချင်းလေးထားပြီး ကျောင်းသွားတက်ပါစေတော့။ ဘွဲ့ရပြီးရင်လဲ သူလုပ်ချင်တဲ့ အလုပ်လေးလုပ်ပါစေအေ"

"မမကြီးရယ် ငါ အတ္တကြီးနေတာ သိပါတယ်။ ငါ့သမီးလေးကို စိတ်မချတာအေ။ ဘွဲ့ရပြီးလဲ သမီးကို အလုပ်မလုပ်စေချင်ပါဘူး။ ဒီဆိုင်လေးနဲ့ ငါ ငွေရင်းပွားပေးထားတာတွေနဲ့ သမီးကို အိမ်ထဲမှာပဲ အလှကြည့်ထားချင်တာ"

"ညည်း အစွန်းရောက်လွန်းနေပြီအေ။ ကလေးက အရုပ်မဟုတ်ဘူး။ စိတ်ထွက်ပေါက်ရှာသွားရင် တို့ပဲရင်ကျိုးရမှာ။ ဒီနှစ်တော့ သူ့သဘောလေးအတိုင်းနေပါ့စေ။ ညည်း ကလေးနောက်မလိုက်ပါတော့နဲ့အေ"

မမကြီး၏စကားကို ကျွန်မနားမဝင်ပါ။ သမီးကို ကျောင်းပို့၊ ကျောင်းကြိုကို ဝါယမစိုက်ခဲ့သည်။ ဘယ်လိုယောကျ်ားမျိုးကိုမှအထင်မကြီး၊ မပတ်သက်ရန်သာ သမီးကို ထိန်းချုပ်ခဲ့သည်။ ပိုးမွေးသလိုမွေးထားသော ကျွန်မ သမီးလေးကို ချစ်မဝ၊ ရှုမဝ။ သမီးလေးကတော့ ချုပ်ချယ်လွန်းသည့်ကျွန်မကို ကြောက်ရွံ့သည်။ သမီး၏ဖုန်းကို ရှောင်တခင်စစ်ဆေးခြင်းကလည်း ကျွန်မအလုပ်ကြီးတစ်ခုပင်။ Facebook တွင်လည်း ယောကျ်ားလေး Friend မရှိစေရ။

"ဟင် သာသာ လာစမ်း ဒီမေရီဆိုတဲ့အကောင့်က ဘာစာတွေပို့ထားတာလဲ။ အမယ်လေး လေး မိန်းကလေးချင်းများ ချစ်တာ၊ လွမ်းတာတွေနဲ့ အသည်းတွေက ပေးထားသေးဟဲ့"

"ဟာ မေမေကလဲ မိန်းကလေးချင်း ချစ်ခင်မှုပိုတာပါ။ သမီးက အဲဒီလောက်လေးတောင်မှ စိတ်ပျော်ရွှင်လွတ်လပ်ခွင့်မရှိရဘူးလား။ မေမေ့ရဲ့စိတ်ဒဏ်ရာက သမီးအတွက် စိတ်ကောလူပါ အကျဉ်းကျနေဖို့လား"

ခံမပြောဖူးဘဲ ပြန်ပြောလိုက်သည့်သမီး၏စကားက ကျွန်မကို မှင်တက်မိသွားစေသည်။ အင်းလေ။ မိန်းကလေးသူငယ်ချင်းတော့ ရှိပေမပေါ့လို့ ကျွန်မစိတ်လျှော့လိုက်သည်။ ညည သမီးဖုန်းသုံးနေရင် အကဲခတ်ရတာ အလုပ်တစ်ခုပင်။ သမီးစာမေးပွဲဖြေသည့်နောက်ဆုံးရက်တွင် ကျောင်းပေါက်ဝတွင်စောင့်နေသော ကျွန်မထံ သမီးရောက်မလာပါ။ ဖြစ်ချင်တော့ သမီးကိုသွားကြိုချိန်လမ်းတွင် ဆိုင်ကယ်ဘီးပေါက်၍ ပြင်နေရသဖြင့် ကျွန်မ နောက်ကျမှ

စာမျက်နှာ ၂၅သို့ ➤

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီတော်မြတ်ကြီးကို ရွှေထီးတော်နှင့် လုံးတော်ပြည့် ရွှေသက်န်းပြန်လည်ကပ်လှူပူဇော်မည်



**ညောင်ဦး နိုဝင်ဘာ ၆**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဗူးဘုရားစေတီတော်မြတ်ကြီးကို ရွှေထီးတော်နှင့် လုံးတော်ပြည့် ရွှေသက်န်းပြန်လည်ကပ်လှူပူဇော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗူးဘုရားစေတီတော် ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ဗူးဘုရားစေတီတော်မြတ်ကြီးကို ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်အတွင်း ရွှေထီးတော်နှင့် လုံးတော်ပြည့် ရွှေသက်န်းပြန်လည်ကပ်လှူပူဇော် နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေထီးတော်နှင့် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူပူဇော်ရန်အတွက် ယခင်က မျက်ပါးရွှေဆိုင်း ၅၂၀ ကပ်လှူပူဇော်ထားသည့် ရွှေများကို မျက်မြင်အခြေအနေအတိုင်း ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းကို လေလံတင်ရောင်းချပေးသွားမည်ဖြစ်ပြီး မျက်ပါးရွှေ နှစ်လက်မပတ်လည် ရွှေဆိုင်းအရေအတွက် ၅၂၀ ကို ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူကာ ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းနှင့် မျက်ပါးရွှေ နှစ်လက်မပတ်လည်ရွှေဆိုင်းဝယ်ယူခြင်းလုပ်ငန်းများအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များက လေလံဆွဲဝယ်ယူတင်သွင်းနိုင်ကြောင်း၊ တင်ဒါလျှောက်လွှာပုံစံများကို ဗူးဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးတွင် ယခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၁၉ ရက်ထိ ဝယ်ယူကာ နိုဝင်ဘာ ၁၉ ရက် နောက်ဆုံးထားပြန်လည်တင်သွင်းကြရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် တင်ဒါဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

# ညောင်ရွှေမြို့တွင် VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်း

**ညောင်ရွှေ နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာမှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရေးဆွဲနည်းနှင့် AVIP သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းသားများကို ကျေးရွာများ၌ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ရွာကြီးရွာ၊ ကျောင်းနားရွာ၊ သပုထိုရွာ၊ သရက်ပင်ရွာ၊ မန်ကျည်းပင်ရွာ၊ သာယာကုန်းရွာ၊ ဖာရပ်ရွာ၊ လီးမီးရွာ၊ ကုန်းပြားရွာ၊ ဟိုနားရွာ၊ နောင်ပိုရွာနှင့် စံကားရွာတို့မှ ကျေးရွာတစ်ရွာလျှင် သင်တန်းသားနှစ်ဦး စုစုပေါင်း သင်တန်းသား ၂၄ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြက္ခဒိန်ရေးဆွဲနည်း၊ အိမ်ထောင်စုစာရင်းကောက်ယူနည်း၊ ၄၈ ဇယားဖြည့်သွင်းနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲနည်း အစီအစဉ် AVIP သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ငါးရက်ကြာ အခမဲ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

➤ စာမျက်နှာ ၂၄မှအဆက်

ကျောင်းပေါက်ဝသို့ရောက်သွားသည်။ သမီးဖုန်းကိုခေါ်တော့ စက်ပိတ်ထားသည်။ ကျွန်မရင်ထဲ အတိုင်းမသိပူလောင်နေသည်။ ကျွန်မလာကြိုတာ နောက်ကျ၍ အိမ်သို့ သူသူငယ်ချင်းက လိုက်ပို့လေသလားတွေးမိကာ အိမ်သို့ အမြန်ပြန်လာခဲ့သည်။

"မမကြီး သာသာရောက်ပြီလား"

"ဟင် ညည်းသွားကြိုတာပဲလေ"

"ကျောင်းတံခါးပိတ်တဲ့ထိစောင့်နေတာ ဖုန်းကလဲစက်ပိတ်ထားတယ်"

"ဟယ် ဘယ်လိုလုပ်ကြမလဲ"

ကျွန်မပူထူနေသည်။ ဆောက်တည်ရာမရစိတ်နှင့် ဆိုင်ကယ်မောင်းကာ သမီးသူငယ်ချင်းရှိရာ နန်းစုရပ်သို့ သွားမေးမိသည်။

"သာသာ့မှာ ရည်းစားတော့ရှိတယ် အန်တီ။ သာသာက လျှို့ဝှက်တယ်။ အန်တီ့ကို ပြန်တိုင်မှာကြောက်လို့ သမီးတို့ကို သူ့လူအကြောင်းပြောမပြဘူး။ မေရီအကောင့်နဲ့ လူဆိုတာတော့ သမီးသိတယ်။ သူအိမ်မှာမနေချင်တော့ဘူးတဲ့၊ သူ့ဘဝက ငယ်ကတည်းက လွတ်လပ်ပျော်ရွှင်မှုမရှိဘူးလို့လဲပြောတယ်"

ကျွန်မ ဘာဆက်လုပ်ရမည်မသိ။ အမျိုးတွေကိုလည်းမပြောရဲ၊ မမကြီး ငိုနေသည်ကို လူမသိစေရန် ဟန့်ထားရသည်။ တစ်ညလုံး သမီးဖုန်းကိုသာ ခေါ်နေမိသည်။ ထမင်းမစား၊ ရေမသောက် ငုတ်တုတ်ထိုင်ကာ ကျွန်မရင်ထဲ လောင်မြိုက်လှပါဘိ။ မနက်တွင် ဆိုင်ကို ဟန်မပျက်ဖွင့်လိုက်သည်။

"ဟဲ့ ဒီတိုင်းနေလို့မဖြစ်ဘူး။ ဘာလုပ်မလဲ လူပျောက်တိုင်မလား။ ညည်း ချုပ်ချယ်လွန်းလို့ ငါ့တူမလေး ဟင့် ဟင့် ဟီး"

ကျွန်မ မမကြီးကို ဘာမှပြန်မပြောနိုင်သေးပါ။ ကျွန်မ ဖုန်းမြည်လာသည်။ သမီးဖုန်းနံပါတ်။

"ဟယ်လို သမီး ဘယ်မှာလဲ"

"မေမေ သမီးကို လာခေါ်ပါ။ ကျောက်ဆည်နားက ရွာပုလဲမှာ။ မေမေ အခု လာပါ"

ကျွန်မ ဆိုင်ကိုပိတ်၊ မမကြီးကိုခေါ်၊ ကားငှားကာ သမီးပြောသောနေရာသို့ ချက်ချင်းလိုက်ရပါတော့သည်။

"သမီး သမီးလေး"

"သမီးကို ခွင့်လွှတ်ပါမေမေ။ သူ သူလေ သမီးကို ညာတယ်။ သူ့မှာ အိမ်ထောင်ရှိတယ်တဲ့ မေမေရဲ့ အဟင့် ဟင့်"

"ဘာ နင်က ငါ့သမီးကို ပန်းကောင်းအညွန့်ချိုးတာပေါ့။ ကဲ. . . ဖြန်း ဖြန်း"

"နေကြပါအုံးဗျာ စိတ်လျှော့ပါ။ ညှိညှိနှိုင်းနှိုင်းလုပ်ရအောင်ပါ"

သမီးကောင်လေးကို စိတ်မထိန်းနိုင်ဘဲ ပါးရိုက်လိုက်သည့်ကျွန်မကို ကောင်လေးအဖေဖြစ်ဟန်တူသူက ဖျောင်းဖျသည်။

"ကျွန်တော့်သားက သူ့ဇနီးနဲ့ စိတ်အခန့်မသင့်လို့ ရန်ကုန်ကနေ ရွာကိုပြန်လာတာ ငါးလရှိပါပြီ။ ကလေးရှေ့ရေးတွေးပြီး ကျွန်တော်တို့မိဘတွေက ပြန်ပေါင်းခိုင်းနေတာပါ။ မနေ့ညက ရုတ်တရက် ဒီကလေးမလေးကို ခိုးလာတာဗျာ။ မလုပ်သင့်တာလုပ်တဲ့ကောင်ဗျာ။ အိမ်ကို ခိုးလာလို့သာတော်သေးတာပေါ့။ ကလေးမလေးမှဲ့တစ်ပေါက်မစွန်းပါဘူး။ ကျွန်တော်စောင့်ရှောက်ထားတာပါ။ ကျွန်တော်က ကလေးမလေးကို လိုက်ပို့ရင် ငါ့ညီမတို့ပတ်ဝန်းကျင်ကသိမှာစိုးလို့ ဖုန်းဆက်ပြီး လာခေါ်ခိုင်းရတာပါ"

သည်နေရာတွင် တစ်စက္ကန့်ပင် ကျွန်မမနေလိုတော့။ တောင်းပန်စကားများကိုလည်း မကြားချင်တော့။ သမီးကိုခေါ်ကာ ပြန်လာခဲ့ကြသည်။ ကားပေါ်တွင် ကျွန်မရင်ခွင်၌မျက်နှာအပ်ကာ ငိုနေသော သမီးလေးကို စိတ်ဓာတ်ခွန်အားပေးရပါမည်။ လူမှုပတ်ဝန်းကျင်နှင့် လူတွေအကြောင်း အကဲမခတ်တတ်အောင် သမီးကို ကျွန်မအတ္တများနှင့် ပိတ်လှောင်ထားခဲ့မိခြင်းကို နောင်တရမိသည်။ သမီးကို ကြုံရသည်များအပေါ် သင်ခန်းစာယူကာ သူ့ဘဝကို လွတ်လပ်စွာရှင်သန်ခွင့် ကျွန်မ ခွင့်ပြုပါတော့မည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်မသမီးလေး မီးသင့်အိုးလို ကွဲအက်မသွားသော်လည်း စိတ်အစဉ်မှာတော့ အက်ကြောင်းထင်နေပေလိမ့်မည်။

## တူယှဉ်နွဲပျော် ကရင်ပြည်နယ်နေ့ပွဲတော်

\- ကရင်လူမျိုးတို့ နေထိုင်ရာ
ကရင်ပြည်နယ်မှာ၊
နိုဝင်ဘာလ ခုနစ်ရက်
ကရင်ပြည်နယ်နေ့မှတ်။

\- ဂုဏ်ယူလေးမြတ် ကျင်းပနော်
ခြိမ့်သဲ စည်ကားပျော်၊
ပြန်ဆုံကြသော် ညီနောင်ဖွား
သွေးချင်းမောင်နှမများ။

\- ဘာသာစကား ဝတ်စားဆင်
ရှေးမွေ ထုံးတမ်းစဉ်၊
ကကြိုးစုံလင် ဒုံးယိမ်းအလှ
ဖားစည်သံ ချိုမြ။

\- ဇွဲကပင်မြေက ဖိတ်ခေါ်ကြို
စေတနာ သဒ္ဓါပို၊
ညှို့ဝတ်ကျေလို တည့်ခံခင်း
ကရင်တာလပေါ့ ဟင်း။

\- ရှုမျှော်ခင်းတို့ လှသွေးကြွယ်
ဇွဲကပင်တောင်ဝယ်၊
ကြာအင်းတောင်ရယ် ကန်သာယာတံတား
သဘာဝ ပန်းချီကား။

\- တိုင်းရင်းသားတို့ ပေါင်းစုနေ
ချစ်သော ဖားစည်မြေ၊
စည်းလုံးညီပေ ပျော်ရွှင်နွဲ
ချစ်ကြည်ရေးခိုင်မြဲ
ကရင်ပြည်နယ်နေ့ပွဲ။ ။

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အား ဂုဏ်ပြုရေးဖွဲ့အပ်ပါသည်။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# ဆင်ပေါင်ဝဲမြို့နယ် ဒင်းပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒင်းပုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်နေပြည်သူများ၏ဝင်ငွေလျော့နည်းလာမှုနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များအား စီမံကိန်းရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဒင်းပုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား ၇၃ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

ပေါက်ပေါက်


# ဆေးဖက်ဝင် မဲဇလီဖူးသုပ်

မဲဇလီဖူးသုပ်အကြောင်းမပြောခင် မဲဇလီပင်ရဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေကို ဦးစွာပထမ ပြောပြချင်ပါတယ်။

မဲဇလီပင်ဟာ ရုက္ခဗေဒအမည်အရ Cassiasia-mea Linn မျိုးရင်းဖြစ်ပါတယ်။ ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်တဲ့အခါ ၁၀၀ ဂရမ်အလေးချိန်ရှိတဲ့ မဲဇလီဖူးနဲ့ အရွက်တို့ထဲမှာ ကယ်လိုရီ ၁၀၀၊ ပရိုတင်း ၇ ဒသမ ၁ ဂရမ်၊ အဆီဓာတ် တစ်ဂရမ်၊ ကစီဓာတ် ၁၇ ဒသမ ၉ ဂရမ်၊ ထုံးဓာတ် ၄၄ ဒသမ ၁ မီလီဂရမ်၊ သံဓာတ် ၁၇ မီလီဂရမ်၊ ဗီတာမင်အေအိုင်ယူ ၁၄၅၀၀၊ ဗီတာမင်ဘီဝမ်း သုည ဒသမ ၄ မီလီဂရမ်၊ ဗီတာမင်ဘီတူး သုည ဒသမ ၆၉ မီလီဂရမ်၊ နိုင်ယာစင် ၁ ဒသမ ၃ မီလီဂရမ်၊ ဗီတာမင်စီ ၁၀၁ မီလီဂရမ်တို့ အသီးသီးပါရှိကြပါတယ်။ ဒ့ါပြင် ဟင်းသီးဟင်းရွက်များမှာ ရှားရှားပါးပါးတွေ့ရခဲသော ဆေးဖက်ဝင် Glycosides, Terpenoids, Tannins, Saponins, Flavonoids နှင့် Steroids တွေလဲပါရှိကြပါသေးတယ်။

လူသားတို့ကျန်းမာရေးအတွက် မဲဇလီပင်ရဲ့ဆေးစွမ်းထက်မြက်မှုကတော့ အံ့မခန်းပါပဲ။ အောက်ပါအတိုင်း လေ့လာကြည့်လိုက်ရအောင်။

- ချို၊ ဆိမ့်၊ ဖန်အရသာသုံးမျိုးရောပြွမ်း၍ ခါးသက်သက်အရသာလွှမ်းမိုးသော မဲဇလီပင်မှာ အာပေါဓာတ်ကြီးစိုး၍ ဝါယောဓာတ်ပူးတွဲပါရှိနေတာကြောင့် ရှေးတိုင်းရင်းသမားတော်ကြီးများက မြန်မာ့ရိုးရာဆေးမြီးတိုအဖြစ် အိပ်မပျော်ခြင်း၊ သွေးတက်ခြင်း၊ ရှပ်ရည်ခန်းခြောက်ခြင်း၊ အသက်ရှူပြွန်ချောင်းရောင်ခြင်း၊ ချောင်းခြောက်ဆိုးခြင်း စတဲ့ရောဂါများအတွက် ကုသပေးခဲ့ကြပါတယ်။
- အိန္ဒိယနိုင်ငံမှာတော့ ကာလသားရောဂါကို မဲဇလီရွက်ဖြင့် ကုသလေ့ရှိပါတယ်။
- သမ်းဝေပြီး အိပ်မပျော်ခြင်းအတွက် မဲဇလီဖူးကို သုပ်၍စားပါက နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေနိုင်ပါတယ်။
- ပါးစပ်အတွင်း အပူထွက်ခြင်း၊ သွားဖုံးရောင်ခြင်းတို့အတွက် မဲဇလီရွက်နှင့် အပွင့်တို့ကို ခပ်ကျကျပြုတ်၍ ငုံပေးပါက သက်သာပျောက်ကင်းနိုင်ပါတယ်။
- မျက်စိနာခြင်းအတွက် မဲဇလီမြစ်ကိုသွေး၍ မျက်စိတစ်ဝိုက်ကွင်းပေးပါ။
- ဝမ်းသွားလွန်ခြင်းအတွက် မဲဇလီမြစ်ကို ထန်းလျက်နှင့်ပြုတ်၍ သောက်ပေးခြင်းဖြင့် ဝမ်းရပ်တန့်ပါလိမ့်မယ်။
- ချောင်းဆိုး၊ ရင်ကျပ်၊ လည်ချောင်းနာခြင်းတို့အတွက် မဲဇလီရွက်နှင့် မုရားကြီးရွက်တို့ကို ဆတူရော၍ သုံးခွက်တစ်ခွက်တင်ကျိုပြီးနောက် ငုံပေးခြင်းဖြင့် သက်သာပျောက်ကင်းနိုင်ပါတယ်။
- ကလေးများ သန်ကောင်ထပါက မဲဇလီရွက်လတ်လတ်ဆတ်ဆတ်ထောင်းရည်(သတ္တုရည်) နှင့် သံပရာရည် ရောစပ်တိုက်ပေးခြင်းဖြင့် သန်ကျစေနိုင်ပါတယ်။
- ဝမ်းချုပ်ပြီး စမြင်းခံခြင်းအတွက် မဲဇလီဖူးကို





ပြုတ်၍ တို့စရာအဖြစ်စားပေးပါက ဝမ်းမှန်၍ လေသက်စေနိုင်ပါတယ်။
- ကင်း၊ ပုရွက်ဆိတ် စတဲ့အဆိပ်ရှိသတ္တဝါတွေအကိုက်ခံရပါက မဲဇလီရွက်ကို ကြိတ်၍ ဒဏ်ရာပေါ် အုံပေးပါက အဆိပ်ပြေစေပါတယ်။
- နှင်းခူအစိုအတွက် မဲဇလီရွက်ကို သံပရာရည်နှင့်ကြိတ်၍ နှင်းခူပေါ် အုံခြင်း၊ မဲဇလီရွက်ပြုတ်ရည်ဖြင့် ဖန်ရည်ဆေးပေးခြင်းတို့ပြုလုပ်ပေးပါ။
- အမျိုးသမီးများ မျက်နှာပေါ်တွင် မီးယပ်ကွက်ထွက်ခြင်းအတွက် မဲဇလီပွင့် သို့မဟုတ် အရွက်ကို အခြောက်လှန်းအမှုန့်ကြိတ်၍ ရေဖြင့်ဖျော်ပြီး လိမ်းပေးပါ။
- မဲဇလီရွက်ပြုတ်ရည်ဖြစ်စေ၊ အရွက်ကိုအခြောက်လှန်း အမှုန့်ကြိတ်၍ဖြစ်စေ ပျားရည်နှင့်ရောစပ်စားပေးပါက သွေးသားသန့်စင်၍ အားအင်ပြည့်ဖြိုးစေပါတယ်။
- မဲဇလီဖူးထဲတွင်ပါရှိသော သဘာဝအခါးဓာတ်က အသည်းအားကောင်းစေပါတယ်။
- အစာခြေစနစ်ကို ကောင်းမွန်စေရုံသာမက ပျို့အန်ခြင်း၊ အက်စစ်ဆန်တက်၍ လေချဉ်တက်ခြင်း၊ ရင်ပူခြင်းတို့ကို သက်သာစေပါတယ်။
- ခန္ဓာကိုယ်အတွက် လိုအပ်သော ပရိုတင်းဓာတ်ကို ဖြည့်တင်းပေးပြီး ကိုယ်ခန္ဓာကြီးထွားမှုကို ကောင်းစွာအထောက်အပံ့ပေးပါတယ်။
- အူမကြီးကို ကောင်းစွာအလုပ်လုပ်စေ၍ ဝမ်းပျော့ပျော့သွားစေပါတယ်။ ထို့ပြင် အူမကြီးနှင့် အူသိမ်၊ အူမထဲရှိ တုတ်ကောင်၊ သန်ကောင် စတဲ့ ကပ်ပါးကောင်များကို ဖယ်ရှားပေးလို့ အူကို သန့်စင်စေပါတယ်။
- ကစီဓာတ်ကြွယ်ဝစွာပါရှိခြင်းကြောင့် ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကို ကောင်းကျိုးပြုပါတယ်။
- သရက်ရွက်ထဲရှိ ကောင်းသောဆဲလ်အသစ်များကို တိုးပွားစေတာကြောင့် သရက်ရွက်ကို ကျန်းမာစေပါတယ်။
- မဲဇလီဖူးထဲတွင်ပါရှိသော သဘာဝအဆီဓာတ်က ခန္ဓာကိုယ်ထဲရှိ မကောင်းသောဓာတ်များကို လောင်ကျွမ်းစေပါတယ်။
- အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြင် ပိုလီဖီနောဓာတ်များပါရှိသဖြင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော ဖရီးရယ်ဒီကယ်များကို သုတ်သင်ဖယ်ရှားပေးတာကြောင့် အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာရောဂါများ မဖြစ်စေနိုင်ပါ။
- မဲဇလီဖူးထဲတွင်ပါရှိသော သတ္တုဓာတ်ပေါင်းစုများက သူငယ်နာအရိုးပျော့ရောဂါကို ကာကွယ်ပေးတာကြောင့် မွေးဖွားလာသော ကလေးများတွင် ပိုလီယိုရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များ မဲဇလီဖူးကို မဖြစ်မနေစားသုံးသင့်ပါတယ်။
- ဓာတ်ခွဲစမ်းသပ်ချက်များအရ မဲဇလီဖူး၊ အရွက်၊ အပွင့်ထဲတွင်ပါရှိသော အာဟာရဓာတ်များက ဟင်းနုနယ်တွင်ပါရှိသော အာဟာရဓာတ်များနှင့် အလားတူတယ်လို့ သိရပါတယ်။

**ဆေးဖက်ဝင် မဲဇလီဖူးသုပ်**

အရသာခါးသက်သက် ဆိမ့်ဆိမ့်လေးဖြင့် လျှာပေါ်မှာ ကြမ်းရှရှလေး အထိအတွေ့ရှိတဲ့ မဲဇလီဖူးကို ကျားမ တော်တော်များများနှစ်ခြိုက်ကြပါတယ်။ ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားတို့ရိုးရာ တန်ဆောင်မုန်းလပြည့်ညနဲ့ မဲဇလီဖူးသုပ်က ခွဲမရတဲ့အတွဲလေးပါပဲ။ ဆေးပေါင်းခတဲ့ တန်ဆောင်မုန်းလပြည့်ညမှာ မဲဇလီဖူးသုပ် တခုတ်တရစားကြပါတယ်။ ဆေးဖက်ဝင်တဲ့ မဲဇလီဖူးသုပ်နည်းလေးအတိုင်း သုပ်စားကြရအောင်။

- မဲဇလီဖူးဟာ နုတဲ့အချိန်မှာ အစိမ်းဖျော့ရောင်ဖြစ်ပြီး ရင့်လာတဲ့အခါ အညိုရောင်ပြောင်းသွားတတ်ပါတယ်။ ဒါကြောင့် အစိမ်းဖျော့ရောင် အဖူးလေးတွေကို ရွေးချယ်ပါ။
- မဲဇလီဖူးကို အစိမ်းရည်များထွက်လာတဲ့ထိ ပြုတ်ပြီး ရေအေးမှာစိမ်ထားပါ။
- ပြီးလျှင် ပါးပါးလှီးပါ သို့မဟုတ် အသီးတွေကို လေးစိပ်ကွဲအောင် မညက်တညက်ထောင်းပါ။
- ဇလုံကြီးကြီးတစ်ခုထဲမှာ စောစောက ထောင်းထားတဲ့ မဲဇလီဖူးထောင်းများထည့်၍ ဆီချက်(ဆီ)၊ ပါးပါးလှီးထားတဲ့ ကြက်သွန်နီ၊ ပုစွန်ခြောက်မှုန့်၊ မြေပဲထောင်းမှုန့်၊ နှမ်း၊ ဆား၊ အရသာဟင်းခတ်မှုန့်တို့ကို မိသားစုအကြိုက်အရသာဖြစ်အောင် ရောနယ်ပါ။
- ပြီးလျှင် သံပရာသီးလေးညှစ်ထည့်ပါ။
- ဆီချက်အဖတ် (ကြက်သွန်နီဆီချက်အဖတ်) ဖြူး၍စားပါ။

အချုပ်အားဖြင့်ဆိုသော် တစ်နှစ်မှတစ်ကြိမ်သာထွန်းလှတဲ့ မြန်မာတို့ရဲ့ တန်ဆောင်မုန်းလပြည့်ညမှာ မိသားစုတွေ ပျော်ရွှင်စွာဝိုင်းဖွဲ့ကာ မဲဇလီဖူးသုပ်လေးစားရင်း ရောဂါဘယကင်းဝေးကြပါစေကြောင်း ဆုတောင်းဆန္ဒပြုပါတယ်။ ဒ့ါပြင် တန်ဆောင်မုန်းလပြည့်ညမှာ ကာလသားတွေက အိမ်တကာ ဒါမှမဟုတ် လမ်းတကာမှ ပစ္စည်းတွေကို ဟိုဟိုဒီဒီ နေရာရွှေ့ကာ စနောက်ကျီစယ်လေ့ရှိကြတဲ့ ကျီးမနိုးပွဲဟာလဲ ချစ်စရာ မြန်မာ့ရိုးရာဓလေ့ဖြစ်တာကြောင့် အရိုးပေါ်အရွက်မဖုံး အမုန်းကိုရှောင်၍ ပြုံးပျော်နားလည်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ် ကံလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က ပွင့်ဖြူမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ကံလုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသားများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စီမံကိန်းရန်ပုံငွေများ ကွင်းဆင်းထုတ်ချေးပေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေမာအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျော့ချနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းချေးငွေများကို စဉ်ဆက်မပြတ် ဆပ်၊ ထုတ်စနစ်ဖြင့် ထုတ်ချေးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စီမံကိန်းချေးငွေများကို အကျိုးရှိရှိအသုံးချပြီး မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပွင့်ဖြူမြို့နယ် ကံလုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း စီမံကိန်းဝင်အသင်းသား ၁၁၁ ဦးအတွက် အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ သန်းကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စနစ်တကျထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ရဲဝင်းနိုင်(ညောင်ဦး)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## ကျုံပျော်မြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ဧက ၂၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ဧက ၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်၌ ပြည်သူများ ဆီစားသုံးမှု ဖူလုံပိုလျှံစေရန်၊ ဘေးကင်းလုံခြုံသည့်ဆီများ စားသုံးနိုင်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့်ဒေသခံတောင်သူများပူးပေါင်း၍ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ဆောင်းနှမ်း ဧက ၂၅၀၀ ကို နိုဝင်ဘာလ တတိယပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆောင်းနှမ်းဧက ၂၅၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆောင်းနှမ်းစိုက်ပျိုးရာမှာ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းဆီလိုအပ်ချက်ကိုတစ်ဖက်တစ်လမ်းကနေ အားဖြည့် တဲ့အနေနဲ့ လာမဲ့စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနှမ်းကို စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ ဆီစားသုံးနိုင်ဖို့နဲ့ ဆီလိုအပ်ချက်ဖြည့်ဆည်းဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့တွင် နွေစပါးနှင့် မိုးစပါးကို အဓိကစိုက်ပျိုးကြသည့်အပြင် ဆောင်းသီးနှံအဖြစ်ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ဆောင်းသီးနှံကို လက်ရှိမြေအမျိုးအစားပေါ် မူတည်ပြီး အထွက်နှုန်းများ တူညီမှုရှိစေရန်၊ ယခင်နှစ်က အထွက်နှုန်းနည်းသည့်လယ်များကို တစ်မြို့နယ်လုံးအနေဖြင့် ယခုနှစ် အထွက်နှုန်းတိုးစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

---

## ကျောက်မဲမြို့နယ် ကျွဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်မဲ နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းချစ်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့်တာဝန်ရှိသူများက ကျွဲကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျွဲကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့်စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကျွဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့်စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန် ပထမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ထုတ်ချေးပေးထားကြောင်း ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့်သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မင်းဘူးမြို့နယ် ကျောက်စံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ကျေးရွာဖြစ်သည့် ကျောက်စံကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးပေးအပ်ခြင်းကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်၊ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ၊ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်ကြသည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ပထမအကြိမ်အဖြစ် ကျောက်စံကျေးရွာရှိ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူဦးရေ ၁၁၀ ၏စိုက်ပျိုးဧက ၂၀၀ အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **စင်မာ**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ကာလအတွင်း ပဲမျိုးစုံ ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ ၇၀၇ ဒသမ ၇၉၉ သန်း ရရှိခဲ့



**နေပြည်တော် နိုဝင်ဘာ ၆**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ကာလအတွင်း ပဲမျိုးစုံပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၀၇ ဒသမ ၇၉၉ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၈ ရက်ထိ ကာလအတွင်း ပဲတီစိမ်း၊ မတ်ပဲ နှင့် ပဲစင်းငုံတို့ကို အများဆုံးတင်ပို့ခဲ့ကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆၀၇ ဒသမ ၉၄၂ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၈၅၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀၇ ဒသမ ၇၉၉ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးခဲ့ရာတွင် ပဲတီစိမ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၆၀၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၁၆၅ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၆၆ ဒသမ ၇၆၆ သန်းဖြင့်အများဆုံးတင်ပို့ရောင်းချပေးခဲ့ပြီး မတ်ပဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၅၄ ဒသမ ၃၉၀ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၉၆ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၆၁ ဒသမ ၅၈၆ သန်းဖြင့် ဒုတိယအများဆုံးတင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ပဲစင်းငုံကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၈၄၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၉ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၆ ဒသမ ၀၂၈ သန်းဖြင့် တတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း ပဲအမျိုးအစားပေါင်း ၂၀ ကျော်ကို ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း နိုင်လွန်ပဲကို အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇ သန်းဖြင့် အနည်းဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး စွန်တာပြာပဲကို အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၃ သန်းဖြင့် ဒုတိယအနည်းဆုံး၊ ပဲပုပ်စေ့ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းဖြင့် တတိယအနည်းဆုံးတင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြောင်းဘွေကျေးရွာ အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာ ရေပေးရေးကော်မတီဝင်များနှင့်အတူ မြောင်းဘွေကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော Golden Land Arakan ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ကြီးကြပ် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြောက်ဦးမြို့နယ် မြောင်းဘွေကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ပေ ၂၀၊ အမြင့် ပေ ၂၀ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အလျား ၂၆ ပေ ခြောက်လက်မ၊ အနံ ၁၆ ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မ ရေစစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၂၇ ဒသမ ၆၈၁ သန်းဖြင့် Golden Land Arakan ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်ထိ ၆၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသန်း**






# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၁၂၃၁၆၃၉

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



## Long Style Beauty Saloon

ဆေးဆိုး → *(30%) off*

**ဝန်ထမ်းအလိုရှိသည်**

* ခေါင်းလျှော်ကျွမ်းကျင် (၅)ဦး
* အလုပ်သင် (၅)ဦး
* ဆံပင်ညှပ်ဆရာ (၃)ဦး
(ယောကျာ်းလေးညှပ်ကျွမ်းကျင်)
* ဖုန်း/ 09-2053849

၃၇လမ်း၊ ၇၅ × ၇၆ ကြား။



## ဝန်ထမ်းခေါ်ယူခြင်း

*MUZI Beauty Saloon*

- Manager တရုတ်၊ဗမာစကားတတ် – ၁ ဦး (မ)
- Nail Art ကျွမ်းကျင် – ၂ ဦး (မ)
- Facials Cleaning – ၃ ဦး (မ)
- အသင်လက်ထောက် – ၅ ဦး (မ)
- နေစားငြိမ်း စီစဉ်ပေးသည်။

Ph; 09-43139924, 09-426960137



## Green Farm Development Co.,Ltd

မှ ယာဉ်မောင်းဝန်ထမ်း (၂)ဦး အလိုရှိသည်

- ယာဉ်မောင်းအတွေ့အကြုံ (၅)နှစ်အထက်ဖြစ်ရမည်။
- အသက် (၃၅)နှစ်အတွင်းဖြစ်ရမည်။
- မန္တလေးမြို့တွင်နေထိုင်သူဖြစ်ရမည်။
- လိပ်စာ/ အမှတ်(၈၃)၊ ၈၅လမ်း၊ ၃၁ × ၃၂ကြား။
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
- ဖုန်း/ 09-788088006


**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့နေ မနန်းအေးဘို(ခ)မနန်းခမ်းဝါ (ဘ) ဦးဟိုကွတ်အောင်(၉/မမန(နိုင်)၀၃၇၀၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် MC340073မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့နေ မနန်းအေးအမ်(ဘ) ဦးဟိုကွတ်အောင် (၉/မမန(နိုင်)၀၃၇၀၇၂) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

မီး
သတိပြု

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

## ဒေါ်ထားတင် အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ(ဦးမောင်သက်)+(ဒေါ်သိန်းတင်)တို့၏သမီး၊
ရန်ကုန်မြို့နေ (ဗိုလ်ထိန်လင်း)+(ဒေါ်မြမြ) တို့၏ချွေးမ၊ ရန်ကုန်မြို့နေ
ဦးအောင်သန်း+ဒေါ်ခင်မမ၊ ဦးစိုးနိုင်+ဒေါ်မီမီသွင်၊ ဒေါ်တင်တင်ဝင်း(ခ)ဒေါ်နော်မူ
တို့၏အစ်မ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်
(၇၉၈)၊ မြေပဒေသာရပ်နေ ဦးကျော်စိုး+ဒေါ်ရွှယ်စိုင်း၊ ဦးအုန်းကြိုင်+ဒေါ်စန်းစန်းဝင်း၊
ဦးသန်းထွဋ်+ဒေါ်သင်းသင်းအေး၊ ဦးကျော်နိုင်စိုး+ဒေါ်နီနီစိုး၊
ဦးသီဟန်စိုး+(ဒေါ်စိုးစိုးအေး)၊ ဦးမျိုးချစ်ဆွေ+ဒေါ်ညိုညိုတင် တို့၏ချစ်လှစွာသောမွေးမိခင်
မြေး(၁၂)ယောက်၊ မြစ်(၄)ယောက်တို့၏ ချစ်လှစွာသောအဘွား
**ဦးစိုးနွယ်(ခ)ဦးဆန်နီ** ၏ ချစ်လှစွာသော ဇနီး

## ဒေါ်ထားတင် အသက်(၈၀)နှစ်

**စက်မှု(၁)၊ ဘီယာနှင့်အရက်ချက်စက်ရုံ လက်ထောက်စက်ရုံမှူး(ငြိမ်း)**

သည် (၅-၁၁-၂၀၂၂)ရက်၊ စနေနေ့ ည(၇း၂၅)အချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် (၇-၁၁-၂၀၂၂)ရက်နေ့ နေ့လယ်(၁၁း၀၀)နာရီအချိန်တွင် အေးရိပ်ငြိမ်(ကြာနီကန်)သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**


**သင့်သွေးဖြင့် အသက်ကယ်ပါ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်နဲ့တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကျော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော်ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တကယ်ကောင်းကျိုးဆောင်ဖို့လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာလျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**၁-၈-၂၀၂၂**

## တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ မီးရှူးမီးပန်းများပစ်ဖောက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် **တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)** ၂၀၂၂ ခုနှစ်နိုဝင်ဘာ ၇ ရက်**(ယနေ့)** တွင် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌ ည ၇ နာရီမှစ၍ FIREWORK အမျိုးအစား မီးရှူးမီးပန်းများကို ပစ်ဖောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါမီးရှူးမီးပန်းပစ်ဖောက်မှုများကို အများပြည်သူများအနေဖြင့် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## တန်ဆောင်မုန်းလဆန်း(အဖိတ်နေ့)တွင် ရွှေနန္ဒက ဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များကို အစာလာရောက်ကျွေးမွေးကြသူများဖြင့် စည်ကားများပြား

စာမျက်နှာ - ၂၀

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၁

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်၊ရပ်ကွက်၊ကျေးရွာများ၌ တန်ဆောင်မုန်းလဆန်း (အဖိတ်နေ့)၌ စည်ကားများပြား



**ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလဆန်း (အဖိတ်နေ့)တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် တမူထူးခြားသည့် လတစ်လဖြစ်ပြီး တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ကျီးမနိုးပွဲတော်၊ သာမညဖလအခါတော်နေ့ပွဲတော်တို့ကို ကျင်းပလေ့ရှိသည်။

ထိုသို့ အနှစ်သာရပြည့်ဝစွာဆင်ယင်ကျင်းပသောရာသီပွဲတော်ဖြစ်သည့်အတွက် တန်ဆောင်မုန်းလဆန်း(အဖိတ်နေ့)အဖြစ် ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် စည်ကားများပြားလျက်ရှိရာ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားများတွင် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြသလို **စာမျက်နှာ ၂၂ ကော်လံ ၃** ☆

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုဇွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မဖွေပင်)



ငွေပင်လယ်ကြိုးတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com